ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ အင်္ဂါနေ့ (11-1-2011) (၆၆၄၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် (၁/၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး ကျင်းပရန်ခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် (၂/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် (၂/၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် (၃/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် (၃/၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီး၌ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဥပဒေ၊ နည်းဥပဒေ စာအုပ်(၁၇)မျိုးအား ပုံနှိပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး၊ ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး၊ ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့၌ စတင်ကျင်းပတော့မည်ဖြစ်ရာ လေ့လာဖတ်ရှုနိုင်ရေးအတွက် အောက်ပါ ဥပဒေ၊ နည်းဥပဒေ စာအုပ်(၁၇)မျိုးအား ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်-

(က) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေ၊ နည်းဥပဒေ
(ခ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေ
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ
(ဃ) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဥပဒေ
(င) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေ
(စ) နေပြည်တော်ကောင်စီဥပဒေ
(ဆ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ
(ဇ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ
(ဈ) နိုင်ငံတော်အလံဥပဒေနှင့် နည်းဥပဒေ
(ည) နိုင်ငံတော်သီချင်းဥပဒေနှင့် နည်းဥပဒေ
(ဋ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ
(ဌ) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ
(ဍ) အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ
(ဎ) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ
(ဏ) ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
(တ) ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ
(ထ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ

အဆိုပါ ဥပဒေ၊ နည်းဥပဒေ စာအုပ်များအား ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၁-၁-၂၀၁၁
(အင်္ဂါနေ့)

ရိုးမဖြတ်ကျော် ခရီးပေါက်လမ်းသစ်များ

ပြည်ထောင်စုတစ်ဝန်း ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသည်။ လူမှုစီးပွားရေး သာမက ပညာရေး၊ ကျန်းမာရေးအဆင့်မြင့်မားစေရေး လိုအပ်ချက်များကို ဘက်စုံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းရာတွင် အခြေခံဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ ကိုယ်ပိုင်သဘာဝသယံဇာတများကို အသုံးပြုပြီး ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အတတ်ပညာစွမ်းအားများဖြင့် တည်ဆောက်နေကြသည်။ တောတောင် လျှိုမြောင် မြစ်ချောင်းကြီးများ ကာဆီးနေစေကာမူ လမ်းသစ်များ ဖောက်၍တံတားသစ်များ အဆက်မပြတ် တည်ဆောက်ကာ ခရီးပေါက်ရောက်နိုင်ကြပေပြီ။

ပဲခူးတိုင်းဒေသကြီးတွင် အလယ်ရိုးမတောင်တန်းကြီး ကာဆီးနေမှုကြောင့် အရှေ့ခြမ်းနှင့် အနောက်ခြမ်းနေပြည်သူများ သွားရေးလာရေး ခရီးမပေါက်ခဲ့ကြပေ။ ဒေသထွက်ကုန်များ တင်ပို့ရောင်းဝယ်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ကြရသည်။ ယနေ့ကာလတွင် ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်းများပေါ်ပေါက်လာခဲ့ပြီ။ ကားလမ်းများသာမက ရိုးမဖြတ်ကျော် ရထားလမ်းသစ်များပင် ဖောက်လုပ်ဖွင့်လှစ်နေပြီဖြစ်သည်။

ရိုးမဖြတ်ကျော်လမ်းများအနက် မိုင်၁၂၀ကျော်ရှည်သည့် ပြည်-ပေါက်ခေါင်း-တောင်ငူကားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပြီ။ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ပြည်မြို့မှ အရှေ့ခြမ်း တောင်ငူမြို့သို့ လေးနာရီကျော်ခန့်အတွင်း သွားလာနိုင်လျက်ရှိသည်။ ကုန်စည်ပို့ဆောင်ရောင်းဝယ်သွားလာမှုများ မြန်ဆန်သွက်လက် တိုးတက်လျက်ရှိသည်။

ယခုတစ်ဖန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၈ရက်က ဖွင့်လှစ်လိုက်သည်။ ပဲခူးရိုးမဖြတ်ကျော်လမ်းမကြီးခုနစ်သွယ်အနက် တောင်ဘက်အစွန်ဆုံးလမ်းဖြစ်ပြီး ၄၂မိုင်ကျော် ရှည်လျားသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် သဘာဝသယံဇာတ ရေမြေရာသီဥတုကောင်းမွန်သည်။ ဆန်စပါးအဓိကစိုက်ပျိုးရာ ဒေသကြီးများဖြစ်သည်။ မူလရထားလမ်း၊ ကားလမ်းများအပြင် ယခုကဲ့သို့ ရိုးမဖြတ်ကျော်လမ်းသစ်များ တိုးမြှင့်ဖွင့်လှစ်လိုက်သည့်အတွက် ဒေသခံတိုင်းရင်းသားများ သွားရေးလာရေးတွင် ခရီးလည်းတို၊ အနေလည်းနီး တပေါင်းတစည်းတည်း ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည့် အကျိုးရလဒ်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာကုန်းရိပ်သာလမ်းနေ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်ကြသော ဦးဟန်မောင်-ဒေါ်ခင်တင့်တို့အားရည်စူး၍ ဦးဝင်းနိုင်-ဒေါ်သန်းသန်းဆွေ မိသားစုက ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ်၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့နယ် လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင် ဖတ်ကြားစဉ်။ (၃၆၄)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးသိန်းအောင် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုနယ်မြေ (ဝါးတရာ)ရှိ ပရိဘောဂစက်ရုံများနှင့် သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုနယ်မြေ (ဝါးတရာ)ရှိ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ် (၆)ပရိဘောဂစက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးပုံခင်ထန်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များမှာကြားကာ စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှုအဆင့်ဆင့်၊ ကျွန်းလျှာထိုးနှင့် ပါကေးများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၇) ပရိဘောဂစက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး မန်နေဂျာ ဦးဇော်မင်းညွန့်က ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အထွေထွေမန်နေဂျာ ဦးအေးကျော်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံများမှ ကျွန်းတန်ဖိုးမြှင့် သစ်ခွဲသားများ၊ ပါကေးနှင့် လျှာထိုးများကို ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထို့နောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ တန်ဖိုးမြှင့် သစ်ခွဲသားများထုတ်လုပ်နေမှု၊ ပရိဘောဂများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်အေးသင်က လိုက်လံရှင်းလင်း တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။ အဆိုပါ စက်ရုံမှ ကျွန်းနှင့်သစ်မာ တန်ဖိုးမြှင့်သစ်ခွဲသားနှင့် ပရိဘောဂများ ထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၇) ပရိဘောဂစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ အဌမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအတွင်းရှိ M3 Food Centre (Diamond Hall)၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့် အထက်ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများ၊ အကြံပြုစာပေးပို့လိုသူများနှင့် ၂၀၁၁ ခုနှစ် အမှုဆောင်အသစ် ရွေးချယ်ရန်ရှိသဖြင့် မိမိဆန္ဒအလျောက် အသင်းတာဝန် ထမ်းဆောင်လိုသူ အသင်းဝင်များသည် ဇန်နဝါရီ ၁၈ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁တို့သို့ ဆက်သွယ်အကြောင်းကြား ပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

အသံလွှင့်အနုပညာစာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ နှစ်ပေါင်း(၃၀)ကြာ တာဝန်ထမ်းရွက်ခဲ့သည့် အတွေ့အကြုံများကို အခြေခံကာ စာရေးဆရာ ကိုဖိုးအေး (မြန်မာ့အသံ)က ၎င်း၏ “အသံလွှင့် အနုပညာ” အမည်ရှိ စာအုပ်တွင် ရုပ်သံလွှင့် ပညာရပ်ဆိုင်ရာ မှတ်သားစရာများကို ပြုစုတင်ပြထားသည်။**(ယာပုံ)**

အသံလွှင့်နည်းပညာကို အနုပညာဖြင့် ပေါင်းစပ်ပြီး ရသမြောက်အောင် မည်ကဲ့သို့ ဖန်တီးရမည်ကို “အသံလွှင့် အနုပညာ” စာအုပ်တွင် လေ့လာနိုင်မည် ဖြစ်သည်။

မျိုးဆက်သစ် အသံလွှင့်သမားများ၊ ဝါသနာရှင်များ၊ ရုပ်သံလွှင့်လုပ်ငန်း၌ လုပ်ကိုင်လိုသူများအတွက် နည်းလမ်းကောင်းများကို အဆိုပါ စာအုပ်တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။

စာပေအနုပညာနှင့် အသံလွှင့်အနုပညာတို့ကို တင်ပြထားပြီး အသံလွှင့်သဘောတရားကို စိတ်ဝင်စားဖွယ်ကောင်းလောက်အောင် ဖော်ပြထားသည်။

အသံနှင့်ပတ်သက်၍ မြန်မာမှုဆိုင်ရာ နည်းစနစ်များ၊ အနုပညာသမားဖြစ်သော အသံလွှင့်သမား (broadcaster) တစ်ဦး လှုပ်ရှားရသည့် နည်းဗျူဟာများကို ရှင်းလင်းတင်ပြထားသည်။

ဟောပြောသူများ၊ စာပေပို့ချသူများ၊ ဆွေးနွေးသူများ၊ သရုပ်ဆောင်များ၊ အဆိုတော်များအတွက် အသံထွက်မှန်အောင် ပြောနိုင်ရန် နည်းပေးထားသည်။

ယင်းစာအုပ်တွင် ကဏ္ဍ(၂၁)ခု ပါရှိပြီး အသံလွှင့်အနုပညာ၊ အသံလွှင့်အနုပညာမျိုးဆက်များ၊ ဖန်တီးသူနှင့်ခံစားသူ၊ အသံလွှင့်ဟောပြောချက်၊ အသံလွှင့်အပြောစကားပြေ၊ အသံလွှင့်သတင်း၊ သတင်းစာအာဘော်နှင့် မြန်မာ့အသံ၊ အသံလွှင့်အင်တာဗျူး၊ ပြင်ပအင်တာဗျူး၊ အသံလွှင့်ဇာတ်လမ်း၊ မြန်မာစကားအသံထွက်၊ အသံလွှင့် ဆရာကြီးများ၏ အသံအကြောင်း အဆိုအမိန့်၊ ရေးတော့အမှန် ဖတ်တော့အသံ စကားလုံးများ၊ မြန်မာဗျည်းများနှင့် ပါဠိသက်ဝေါဟာရများ၊ အသံထွက်ပုံ၊ အသံတည်းဖြတ်သည့် လုပ်ငန်းအခြေခံ၊ အသံလွှင့်မီဒီယာ၊ ပျော်စရာရှင်စရာ ဤမီဒီယာ၊ အသံလွှင့် အစီအစဉ် ကြေညာသူတို့ဖြစ်သည်။

“အသံလွှင့် အနုပညာ ”စာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက် ဖုန်း-၇၃၀-၃၆၈၄၉က တန်ဖိုးငွေကျပ်၂၇၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၂)လှိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

အထက (၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀) အထက် (အငြိမ်းစား) ဆရာဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ သိင်္ဂီရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သဖြင့် ၁၉၆၄ ခုနှစ်မှ ၂၀၀၉ခုနှစ် ကျောင်းသား၊ ကျောင်းသူ ဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

အလိမ္မာ စာမှာရှိ

(11-1)02.pmd 1 1/11/2011, 2:26 AM

ကျောင်းသား၊ ကျောင်းသူများကို အမျိုးသားရေးအသိအမြင် အခြေခံကောင်းများ ပြုစုပျိုးထောင်ပေးနိုင်သည်နှင့်အမျှ သားကောင်းသမီးမွန်များ ပေါ်ထွန်းလာပြီး အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များ ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၀

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရတနာသိယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၄) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေရှိမည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို ဖော်ဆောင်ပေးလျက်ရှိပြီး တစ်ချိန်တည်းတွင် မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကြောင်းနှင့် ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းအား နိုင်ငံတော်ရွေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့်ဖော်ဆောင်လျက်ရှိရာ ပဉ္စမအဆင့်ပြီးမြောက်အောင်မြင်ခဲ့ပြီးဖြစ်သကဲ့သို့ ကျန်ရှိသည့်အဆင့်များကိုလည်း အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းနှင့်အတူ မကြာမီ မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီခဲ့သော သမိုင်းကြောင်းနောက်ခံနှင့်အတူ ထုထည်ကြီးမားသည့် ယဉ်ကျေးမှု အမွေအနှစ် အစဉ်အလာများကို ပိုင်ဆိုင်ထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် သီးခြားရပ်တည်နိုင်ခဲ့သည့် နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံ၏ အချက်အချာကျသည့် ပထဝီဝင်တည်နေရာအနေအထားနှင့် ကြွယ်ဝသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို ရယူပိုင်ဆိုင်ရေးအတွက် ကျူးကျော်လာခဲ့သော အန္တရာယ်မှန်သမျှကို တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုနှင့် တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည့် အမျိုးသားရေးအစဉ်အလာနှင့် ပြည့်စုံသည့်နိုင်ငံလည်း ဖြစ်ကြောင်း။

ယခုကဲ့သို့ သမိုင်းကြောင်းတစ်လျှောက် အရည်အသွေးပြည့်ဝသည့် အမျိုးသားရေးအစဉ်အလာများနှင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့သောကြောင့်လည်း ကမ္ဘာ့နိုင်ငံများအလယ်တွင် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံအဖြစ် ဂုဏ်သိက္ခာကြီးမားစွာ ရပ်တည်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ဘိုးဘွားစဉ်ဆက် ရယူထိန်းသိမ်းခဲ့သော အမျိုးသားရေး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး မျက်မှောက်ခေတ် မိမိတို့ကာလတွင်လည်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပြည့်စုံသည့် ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးသည် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရာတွင် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေခြင်းမှာ မိမိနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခြင်းသာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့ကိုပါ လုံခြုံမှုရှိအောင် ကာကွယ်နိုင်စွမ်းရှိသည်ဆိုသည့် အသိတရားနှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံသားအားလုံးနှင့်အတူ မိမိတို့ကျရာ အခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သည်သာမက မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ခေတ်မီနိုင်ငံတော်သစ်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယခုရရှိထားသည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးစသည့် အမျိုးသားရေးအခြေခံကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်မြှင့်တင်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို လုံခြုံမှုရှိအောင် ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် အသိတရားများ သိမြင်ခံယူလာစေရေး လေ့ကျင့်ပျိုးထောင်ကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူလူငယ်များကို အမျိုးသားရေးအသိအမြင် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများအား ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ်ပြုစုပျိုးထောင် ပေးနိုင်သည်နှင့်အမျှ အနာဂတ် နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားသော အဖိုးထိုက်ရတနာ သားကောင်းသမီးမွန်များ ပေါ်ထွန်းလာပြီး အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များလည်း ပြီးမြောက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ယခုတက်ရောက်မည့် သင်တန်းတွင် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ အနာဂတ်ကို မျှော်မှန်းသည့် တိုင်းကျိုးပြည်ပြု ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ အခြေခံများတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ပညာရည်မြင့်မားသည့် လူမျိုးများအဖြစ် ထာဝရ ရပ်တည်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်မှုများကို အမျိုးသားရေးရှုထောင့်မှသိမြင်ပြီး ခေတ်မီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့တွင် မိမိတို့ပါဝင်ဆောင်ရွက်ကြရမည့် တာဝန်များကို လေးနက်စွာ ခံယူကျင့်သုံးလာနိုင်မည်ဖြစ်သည့်အတွက် သင်တန်းကာလတစ်လျှောက် သင်ကြားပို့ချမှုများအား အလေးအနက်ထား လေ့လာမှတ်သားသွားကြရန် တိုက်တွန်းမှာကြားသွားသည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၁၅၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၁၀

တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်နှင့်တရားရုံးချုပ် တရားသူကြီး ဦးတင်အေးတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ခုနစ်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

တိုက်ကြီးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ အုန်းကုန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် ဂုဏ်ထူး၊ ဘွဲ့ထူးရ ပုဂ္ဂိုလ်များနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့် မည်ဖြစ်၍ အဆိုပါ ပုဂ္ဂိုလ်များနှင့် ကျောင်းသား၊ ကျောင်းသူများသည် အသင်းသို့ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ ဆက်သွယ်ကြပါရန်နှင့် တိုက်ကြီးမြို့သို့ သွားရောက်ရန် အသွားအပြန် ကားများ စီစဉ်ထားပါသဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ပြည်လမ်း မြေနီကုန်း မစိုးရိမ်ကျောင်း တိုက်ရှေ့သို့ လာရောက်ရန်နှင့် ဖုန်း-၅၂၆၁၆၄၊ ၅၃၅၀၂၉၊ ၂၂၁၇၄၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မြင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့စဉ်။ (မြို့နယ်ပြန်/ဆက်)

ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြဟ္မစိုရ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ပညာသင်စရိတ်ငွေကျပ် ၁၇၁၀၀၀ နှင့် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာတန်ဖိုး ငွေကျပ် ၃၆၁၈၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၅၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချီလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပမည်၊ သမိုင်းဝင် စတီးဝဲလ်လမ်းမကြီးကို ပြည်တွင်းနှင့် တရုတ်ကုမ္ပဏီတို့ ပူးပေါင်းအဆင့်မြှင့်မည်၊ မဟာမဲခေါင်ချိတ်ဆက်မည့် ရထားလမ်းကွန်ရက်အတွက် အာရှဖွံ့ဖြိုးမှုဘဏ်က နည်းပညာကူညီမည်၊ အဆင်သင့် အသုံးပြုနိုင်သော ရုံးခန်းများ ငှားရမ်းလာ၊ အမေရှာတွင် ရှေ့လ၌ အမေများစတင် နေထိုင်နိုင်တော့မည်၊ ကိုရီးယားနိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲ၌ မြန်မာက ဒုတိယဆုရရှိ၊ ပြည်တွင်းထုတ် Garden Furniture များ ဥရောပသို့ ဦးစားပေးတင်ပို့နေရ၊ နောက်ဆုံးပေါ် အသံနည်းပညာ အသုံးပြု အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို ရန်ကုန်မြို့၌ ရှေ့လတွင် ဖွင့်မည်၊ သက်ကြီးရွယ်အိုများအား တစ်သက်တာစောင့်ရှောက်မည့် အစီအစဉ်တိုးချဲ့ ဆောင်ရွက်လျက်ရှိ၊ Mc Will ဖုန်းများကို တစ်နှစ်လျှင် ကျပ်ခြောက်သောင်းဖြင့် အင်တာနက်သုံးစွဲခွင့်ပြုမည်၊ သီရိမင်္ဂလာဈေးသစ်ရှိ အများသုံးအိမ်သာအတွင်း၌ အမျိုးသားတစ်ဦးဓားဒဏ်ရာရရှိပြီး သေဆုံး၊မြန်မာ့ဆေးဖက်ဝင်သစ်ခွများကို ပြည်ပက ရနိုင်သမျှဝယ်မည်၊ ကမ္ဘာ့ပထမဆုံးအဖြစ် မလေးရှားနိုင်ငံ၌ သင်ကြားပေးမည့် ဆေးပညာမဟာသိပ္ပံဘွဲ့သစ်ကို မြန်မာဆရာဝန်များလည်း တက်ရောက်နိုင်၊ မြန်မာဘာသာဖြင့် ပထမဆုံးရေးသားသည့် အွန်လိုင်းဂိမ်းကို မကြာမီဖြန့်မည်၊ ကြိုတင်ငွေပေး ကတ်စနစ်သုံး မီတာပုံးများစတင်ထုတ်လုပ်၊ ခုနစ်လကြာအောင် တူးခဲ့ရသည့် ပေ ၁၀၀ ရှည်သော ဥမင်လိုဏ်ခေါင်းမှ ဘဏ်ကိုဖောက်ထွင်းနိုင်ခဲ့၊ ကမ္ဘာကျော် တင်းနစ် အားကစားသမားနှစ်ဦး ရေခဲပြင်ပေါ်၌ ပြိုင်ပွဲကျင်းပ၊ လမ်းပေါ်က သူတောင်းစားအသံ ကောင်းလွန်းသဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနမှ ကမ်းလှမ်းခံရပြီး ဒေါ်လာတစ် သန်းကျော်ရရှိမည်၊ တရုတ်အမျိုးသားတစ်ဦး ဦးခေါင်း၌ သုံးလက်မရှည်သည့် ချိုပေါက် နေ၊ အမေရိကန်၌ ထောင်နှင့်ချီသောငှက်များ ပြုတ်ကျသေဆုံး၊ မြန်မာသင်္ဘောသား တစ်ဦးပါဝင်သော ကုန်တင်သင်္ဘောတစ်စင်း တောင်ကိုရီးယားရှိ ဆိပ်ကမ်း၌ မီးလောင်. ." စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

တရုတ်၏ စစ်ရေးစွမ်းပကား မည်သည့်နိုင်ငံကိုမျှ ခြိမ်းခြောက်မည်မဟုတ်

ပေကျင်း ဇန်နဝါရီ ၁၀ - တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာနည်းပညာရပ်များသည် အမေရိကန်ပြည်ထောင်စုထက် ခေတ်နောက်ကျနေသေးကြောင်း၊ ယင်းအပြင် တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းပကားသည် မည်သည့်နိုင်ငံကိုမျှ ခြိမ်းခြောက်လိမ့်မည်မဟုတ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး လိန်ကွမ်းလီက အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်နှင့် တွေ့ဆုံပြီးနောက် တနလ်ာနေ့က ပြောကြားသည်။

တရုတ်နိုင်ငံက စစ်လက်နက်များထုတ်လုပ်ခြင်းနှင့် သုတေသနပြုလုပ်မှုများသည် မည်သည့်နိုင်ငံကိုမျှ ပစ်မှတ်ထား ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း၊ နောင်လည်းလုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး လိန်ကွမ်းလီတို့သည် တနလ်ာနေ့ နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးပြီးနောက် မဟာဗျူဟာမြောက် အရေးကိစ္စများနှင့် ပတ်သက်ပြီး ပုံမှန်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေးကို သုံးသပ်ရန် အလုပ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် သဘောတူခဲ့ကြသည်။

ရောဘတ်ဂိတ်စ်၏ ခရီးစဉ်အတွင်း ရရှိခဲ့သော သဘောတူညီချက်သည် တရုတ် (တိုင်ပေ)ကို လက်နက်ရောင်းချမှု ပင်လယ်ဝါအတွင်း အမေရိကန်ရေတပ် စစ်ရေးလေ့ ကျင့်မှုတို့နှင့် ပတ်သက်ပြီး တစ်နှစ်ကြာ ပျက်ယွင်းခဲ့ရသော တရုတ်-အမေရိကန် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးကို ပြန်လည်ဖာထေးနိုင်မည့် လက္ခဏာလည်းဖြစ်သည်။

ယင်းအပြင် ရောဘတ်ဂိတ်စ်က တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်သေနာပတိချုပ်ကို ယခုနှစ်ပထမနှစ်ဝက်ကာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပူးတွဲသတင်းစာရှင်းလင်းပွဲအပြီး တွေ့ရသော အမေရိကန်ကာကွယ်ရေးဝန်ကြီး (ဝဲပုံ) နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး။

ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူးလုပ်ကြံခံရမှု တစ်ဦးတည်းက ပြစ်မှုကျူးလွန်ခဲ့ဟုဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့်ပစ်ခတ်ကာ လုပ်ကြံသတ်ဖြတ်သည့် ပြစ်မှုကို မိမိတစ်ဦးတည်းက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ကိုယ်ရံတော်တစ်ဦးက ဇန်နဝါရီ ၁၀ ရက်တွင် ဖြောင့်ချက်ပေးလိုက်သည်။

ပန်ဂျပ်ပြည်နယ် အုပ်ချုပ်ရေးမှူး လုပ်ကြံခံရမှုသည် ပါကစ္စတန်နိုင်ငံ၌ သုံးနှစ်အတွင်း အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး နိုင်ငံရေးအရ လုပ်ကြံခံရမှုဖြစ်သည်။

ပန်ဂျပ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဆယ်လ်မန်တာဆီးအား လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ ကိုယ်ရံတော်တပ်ဖွဲ့မှ ရဲကွန်မန်ဒိုမာလစ်ဟူစိန်ကာဒရီဆိုသူဖြစ်သည်။

အစ္စလမ္မာဘတ်မြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်ပြင်ပ၌ ဇန်နဝါရီ ၄ ရက်က ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

ပန်ဂျပ်ပြည်နယ် အုပ်ချုပ်ရေးမှူးသည် ဘာသာရေးဆိုင်ရာဥပဒေများကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေခြင်းကြောင့် ၎င်းအား မိမိသတ်ဖြတ်ခဲ့ကြောင်း မာလစ်က ပြောကြားသည်။

ယင်းလုပ်ကြံသတ်ဖြတ်မှု၌ မည်သည့်အဖွဲ့အစည်းကမျှ ပါဝင်ပတ်သက်ခြင်းမရှိဟု မာလစ်ကဖြောင့်ချက်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့အထက်တန်းအရာရှိ ဟာရွန်းဂျိုယာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပါတီဖြစ်သော အာဏာရပါကစ္စတန်ပြည်သူ့ပါတီမှ အဖွဲ့ဝင်များကမူ ယင်းလုပ်ကြံသတ်ဖြတ်မှု၌ ပူးပေါင်းကြံစည်မှုမရှိနိုင်ကြောင်း ပြောဆိုခဲ့ကြသည်။

ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူး လုပ်ကြံခံရမှု၌ လုံခြုံရေးလစ်ဟာမှုရှိခဲ့သည်ဟု အဆိုပါ ပါတီက ပြောကြားခဲ့သည်။ **အင်တာနက်။**

အမေရိကန်ဒုတိယသမ္မတ အာဖဂန်သို့ မမျှော်လင့်ဘဲသွားရောက်

ကဘူး ဇန်နဝါရီ ၁၀

အာဖဂန်ပြည်တွင်းလုံခြုံရေးကို ကိုင်တွယ်ထိန်းသိမ်းမှုအား အာဖဂန်တပ်ဖွဲ့များ လက်ဝယ်သို့ လွှဲပြောင်းရေးအတွက် အခြေအနေတိုးတက်မှုများကို သုံးသပ်ရန် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အာဖဂန်နစ္စတန်သို့ တနလ်ာနေ့က ရောက်ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆယ်စုနှစ် တစ်ခုစာနီးပါးမျှကြာမြင့်ခဲ့ပြီဖြစ်သော အာဖဂန်စစ်ပွဲ၏ တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ သံသယမေးခွန်းများထွက်ပေါ်နေဆဲတွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ဂျိုးဘိုင်ဒင်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ရုတ်တရက်သွားရောက်

ယခုခရီးစဉ်သည် ၂၀၀၉ ခုနှစ်နောက်ပိုင်း အမေရိကန်ဒုတိယသမ္မတဂျိုးဘိုင်ဒင်၏ ဒုတိယမြောက် အာဖဂန်နစ္စတန်ခရီးစဉ်ဖြစ်ပြီး ကြိုတင်သတင်းထုတ်ပြန်ခြင်းမရှိဘဲ ရုတ်တရက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ တိုက်ခိုက်ရေးတပ်ဖွဲ့များကို အာဖဂန်စစ်မြေပြင်မှ ဇူလိုင်လတွင် ရုပ်သိမ်းရန် စတင်ပြင်ဆင်လျက်ရှိသည်။ သို့ရာတွင် အာဖဂန်နစ္စတန်၏ လုံခြုံရေးတာဝန်အရပ်ရပ်ကို လွှဲပြောင်းကိုင်တွယ်ရမည့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မေးခွန်းများပေါ်ထွက်ဆဲဖြစ်သည်။

ယူဆထား

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က အာဖဂန်တပ်ဖွဲ့များသည် ပြည်တွင်းလုံခြုံရေးကို ၂၀၁၄ ခုနှစ်တွင် အပြည့်အဝကိုင်တွယ်နိုင်စွမ်းရှိမည်ဟု ယူဆထားသည်။

အာဖဂန်စစ်မြေပြင်၌ တာလီဘန်များကို နှိမ်နင်းရေးအတွက် အမေရိကန်နှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်ပေါင်း ၁၄၀၀၀၀ တို့က ကြိုးပမ်းလျက်ရှိသည်။ **အေပီ။**

မလေးရှား အရှေ့မြောက်ပိုင်း၌ ရေလွှမ်းမိုးမှုကြောင့် သုံးဦးသေဆုံး

ကွာလာလမ်ပူ ဇန်နဝါရီ ၁၀

မလေးရှားနိုင်ငံအရှေ့မြောက်ပိုင်းဒေသ၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိရာ ကလေးသုံးဦးရေနစ်သေဆုံးပြီး ဒေသခံပြည်သူ ၃၃၀၀ ခန့် အိုးအိမ်များကို စွန့်ခွာကာ ထွက်ပြေးကြရကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ ကီလန်တန်ပြည်နယ်၌ ရေဘေးဒုက္ခသည်များအတွက် ယာယီခိုလှုံရေးစခန်း ၂၂ ခုကို ဖွင့်လှစ်ထားပြီး လူပေါင်း ၃၂၀၀ နီးပါး ခိုလှုံလျက်ရှိကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ်က ဘနားမားသတင်းဌာနသို့ ပြောကြားသည်။

ခိုလှုံရေးစခန်း၌ မိသားစုပေါင်း ၉၇၀ ရှိနေပြီး လာမည့်ရက် အနည်းငယ်အကြာတွင် ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားနိုင်ကြမည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

ရေနစ်သေဆုံးခဲ့ရသော အသက် (၈) နှစ်အရွယ်ရှိ ယောက်ျားလေးတစ်ဦးနှင့် အသက် (၁၀) နှစ်အရွယ် မိန်းကလေးတစ်ဦးတို့၏ ရုပ်အလောင်းများကို ဇန်နဝါရီ ၈ ရက်က ရှာဖွေတွေ့ရှိခဲ့သည်။ အခြားရေနစ်သေဆုံးခဲ့သူ အသက် (၁၇) နှစ်အရွယ် ယောက်ျားလေးတစ်ဦး၏ အလောင်းကို ဇန်နဝါရီ ၉ ရက်က တွေ့ရှိခဲ့သည်။

တီရန်ဂါနူးပြည်နယ်၌လည်း ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ လူ ၁၀၀ ခန့် ရေဘေးဒုက္ခသည်များဖြစ်ကြရသည်။

မလေးရှားနိုင်ငံ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်၌ မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး လေပြင်းများတိုက်ခတ်နိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းသည်။ **အင်တာနက်။**

အီရန်ခရီးသည်တင်လေယာဉ်ပျက်ကျမှု သေဆုံးသူ ၇၇ ဦးထိရှိ

တီဟီရန် ဇန်နဝါရီ ၁၀

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ခရီးသည်တင်လေယာဉ်တစ်စင်း ဇန်နဝါရီ ၉ ရက်က ပျက်ကျခဲ့ရာ **(အောက်ပုံ)** အနည်းဆုံး ၇၇ ဦးသေဆုံးခဲ့ရကြောင်း အီရန်အစိုးရ သတင်းဌာနက ယနေ့ ဖော်ပြသည်။

စုစုပေါင်း ၁၀၆ ဦးလိုက်ပါလာသော အီရန်လေကြောင်းပိုင် ဘိုးရင်း-၇၂၇လေယာဉ်သည် ရာသီဥတု ဆိုးရွားချိန်၌ ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရသူများအနက် အနည်းဆုံးရှစ်ဦးမှာ ဒဏ်ရာပြင်းထန်မှုကြောင့် စိုးရိမ်ဖွယ်အခြေအနေရှိကြောင်း သိရသည်။

သေဆုံးသူ ၇၇ ဦးအနက် ၅၂ ဦးကို အမည်နာမနှင့် မျိုးရိုးဇာတိဖော်ထုတ်နိုင်ခဲ့ပြီး အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၁၆ ဦး ပါဝင်ကြောင်း သတင်းများတွင်ဖော်ပြသည်။ ဒဏ်ရာရရှိသူ ၃၃ ဦးရှိခဲ့ပြီး လေယာဉ်ပျံသန်းမှု မှတ်တမ်းတင် သေတ္တာနက်ကိုလည်း ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

တူရကီနယ်စပ်အနီး တောင်ကုန်းတောင်တန်းထူထပ်သော အူယူမီယာမြို့သို့ ဆိုက်ရောက်ချိန်၌ နှင်းမြူများ ထူထပ်စွာ ကျဆင်းမှုကြောင့် မြင်ကွင်းပျောက်ကွယ်ခဲ့ပြီး ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံသည် ပြီးခဲ့သော ဆယ်စုနှစ်များအတွင်း လေယာဉ်မတော်တဆမှု အများအပြား ကြုံတွေ့ခဲ့ရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

အိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် တိုက်လေယာဉ်များ မကြာမီတာဝန်ထမ်းဆောင်မည်

နယူးဒေလီ ဇန်နဝါရီ ၁၀

ပြည်တွင်း၌ပင် ပုံစံထုတ်တည်ဆောက်သော တိုက်လေယာဉ် အမျိုးအစားသစ်ကို အိန္ဒိယလေတပ်တွင် မကြာမီ အသုံးပြုတော့မည်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက်က ယနေ့ ပြောကြားသည်။

အဆိုပါ အပေါ့စားတိုက်ပွဲဝင် တိုက်လေယာဉ်အမျိုးအစားများ ပါဝင်သည့် ပထမဆုံးအုပ်ခွဲသည် လာမည့်နှစ်အတွင်း စတင်တာဝန်ထမ်းဆောင်နိုင်ရန် အိန္ဒိယလေတပ်က မျှော်လင့်ထားသည်။

ယင်းလေယာဉ်များကို တည်ဆောက်နိုင်ရန် အချိန်ကာလနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ရပြီး ကုန်ကျစရိတ်အမြောက်အမြားကို သုံးစွဲခဲ့ရသည်ဟုဆိုသည်။ တိုက်လေယာဉ်များကို အိန္ဒိယလေတပ်နှင့် ရေတပ်အတွက် အစင်း ၂၀၀ ဝန်းကျင် ထုတ်လုပ်ပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး အက်စ်အမ်ခရစ်ရှ်နားက ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ်တိုက်လေယာဉ်သည် ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များနှင့် ဝေဟင်တိုက်ပွဲဆင်နွှဲနိုင်မည့် ဒုံးကျည်များကို တပ်ဆင်မည်ဖြစ်သည်။ လေတပ်မှအသုံးပြုနိုင်ရန် အတွက်လည်း ဝေဟင်မှရေပြင်တိုက်ပွဲဆင်နွှဲနိုင်ရေးအတွက် လေယာဉ်တင်သင်္ဘောပေါ်မှ ပျံတက်ထွက်ခွာနိုင်ရန် တည်ဆောက်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်များတွင် အမေရိကန်ဂျင်နရယ် အီလက်ထရစ်ကုမ္ပဏီထုတ် ၄၀၄-အက်ဖ် အင်ဂျင်များတပ်ဆင်ထားပြီး ရေဒါ၊ လက်နက်ခဲယမ်းနှင့် လေကြောင်းပျံသန်းမှုဆိုင်ရာ အီလက်ထရွန်နစ်ကိရိယာများမှာ အစ္စရေး၊ ရုရှားနှင့် ဥရောပနိုင်ငံအချို့တို့မှ ထုတ်လုပ်သောပစ္စည်းများဖြစ်သည်။

တိုက်လေယာဉ်အစင်း ၂၀ ပါ အုပ်ခွဲတစ်ခုကို တည်ဆောက်ရန် အိန္ဒိယရူပီးငွေ ဘီလီယံ ၂၀ (အမေရိကန်ဒေါ်လာ ၄၄၄ ဒသမ ၄၀ သန်း) ကုန်ကျမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ် တိုက်လေယာဉ် စမ်းသပ်ပျံသန်းရန် ပြင်ဆင်နေသည်ကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ဌာနေကိုယ်စားလှယ်နှင့် UNICEF နှင့် JICA တို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သုတေသီပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် အဖွဲ့ဝင်များနှင့်အတူ သုတေသနပိုစတာပြပွဲနှင့် ညီလာခံအတွင်း ခင်းကျင်းပြသထားသည့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ၊ သုတေသီပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ သုတေသနပိုစတာပြပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် ဝါးတောစီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝါးတော စီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်အဖွဲ့အစည်း၊ ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး ဝါးနှင့်ကြိမ် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (CFC/ INBAR / 01 Project) က ကြီးမှူးကျင်းပသည့် ဝါးတောစီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ခရိုင် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းသစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဝါးလက်မှုကုန်သည်များ၊ ဝါးစိုက်သူဒေသခံတောင်သူများ စုစုပေါင်းသင်တန်းသား ၃၀ တို့ တက်ရောက်ကြသည်။

ယင်းသင်တန်းတွင် သဘာဝဝါးတောများအား စနစ်တကျ စီမံအုပ်ချုပ်ခြင်း၊ ဝါးစိုက်ခင်းများ တည်ထောင်ခြင်း၊ ဝါးမျိုးပွားခြင်း၊ မျှစ်ထုတ်လုပ်ခြင်း၊ ဝါးမီးသွေးပြုလုပ်ခြင်း၊ တန်ဖိုးမြှင့် ဝါးထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ ပြည်တွင်းပြည်ပ ဝါးဈေးကွက်ဆိုင်ရာ အချက်အလက်များ ဆွေးနွေးခြင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲရေးနှင့် သစ်တောများ၏ အခန်းကဏ္ဍကိုပါ တိုးချဲ့ပညာပေးရေး အစီအစဉ်တစ်ခုအနေဖြင့် ထည့်သွင်းဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်းစိန်အလက(၁၁) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

အလက(၁၁) အင်းစိန်၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၀၆၉၄၈၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၈၆၃၆၈၈၅၊ ဦးညီတိုးမြင့် ဖုန်း-၆၄၅၅၀၅၊ ဦးကိုကိုဦး ဖုန်း-၆၄၅၈၄၁၊ ဦးငြိမ်းချမ်းအောင် (အောင်သုခဆေးဆိုင်) ဖုန်း-၆၄၂၈၄၀၊ ဒေါ်မိမိစန်း ဖုန်း-၆၄၅၅၀၅နှင့် ဒေါ်ခင်သန်းနွယ် ဖုန်း-၇၃၀၂၁၄၉၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၈၆၂၀၂၀၉၊ဒေါ်ငွေငွေဝင်း(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၆၄၁၈၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မိုးရေချိန်စံချိန်သစ်

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကျောက်ဖြူ	၇၅	၂ ဒသမ ၉၅	၃၅	၁ ဒသမ ၃၈	၄-၁-၁၉၉၁	၄၆
၂။	အောင်လံ	၂၀	သုည ဒသမ ၇၉	၆	သုည ဒသမ ၂၄	၂၇-၁-၁၉၈၇	၂၆

FEM အလှကုန်ပစ္စည်းများ အမြွာညီနောင်မှ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

FEM အမှတ်တံဆိပ် Cosmetics များကို အမြွာညီနောင် ရေမွှေးနှင့် အလှကုန်မှ ၂၀၀၇ခုနှစ်မှ စတင်ကာ အိန္ဒိယနိုင်ငံမှ တင်သွင်းဖြန့်ချိလျက်ရှိကြောင်း၊ Brand ပေါင်းစုံ ဖြန့်ချိရောင်းချလျက်ရှိပြီး FEM တံဆိပ်အလှကုန်များမှာ International Brand ဖြစ်သဖြင့် လူကြိုက်များလျက်ရှိကြောင်း သိရသည်။

FEM Hair Removing Cream သည် မလိုအပ်သော အမွေးအမှင်များကို လွယ်ကူစွာ ဖယ်ရှား ရှင်းလင်းနိုင်ကာ ဈေးနှုန်း အထူးသက်သာပြီး အသုံးပြုရလွယ်ကူသည်။ မိမိကြိုက်နှစ်သက်သော အနံ့ကို ရွေးချယ်ဝယ်ယူနိုင်ရန် အနံ့လေးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိထားသည်။ FEM Creme Bleach အမွေးအမှင် ရွှေရောင်ပြောင်း Cream အမျိုးအစား နှစ်မျိုးရှိပြီး ၁၅ မိနစ်ခန့်ထား၍ အသုံးပြုရသော ရေမွှေးရနံ့ရှိသည့် ပန်းရောင်ဘူးနှင့် မိနစ် ၃၀ ထား၍ အသုံးပြုရသော အပြာရောင်ဘူးဟူ၍ ဖြစ်သည်။ အကျိုးအာနိသင်ကွာခြားမှု မရှိသဖြင့် ကြိုက်နှစ်သက်ရာ ရွေးချယ်အသုံးပြုနိုင်သည်။ FEM Creme Bleach အမွေးအမှင် အရောင်ပြောင်းဆေးသည် ကြည့်မကောင်းသော အမွေးအမှင်များကို မမြင်သာအောင် ပြုလုပ်ပေးနိုင်သည်။ မျက်နှာ၊ လက်၊ ပေါင်နှင့် ခြေသလုံးတို့တွင် မထူမရှည် ပေါက်ရောက်သော အမွေးအမှင်များအတွက် အသုံးပြုနိုင်သည်။ FEM Facial Wax Strip နှင့် Fem Body Wax Strip အမွေးကျွတ် ဖယောင်းကပ်ခွာ အမျိုးအစားနှစ်မျိုးလည်းရှိသည်။ အသုံးပြုပုံအညွှန်းများကို မြန်မာဘာသာဖြင့် လွယ်ကူစွာ ဖော်ပြထားသည်။ အမြွာညီနောင် ရေမွှေးနှင့်အလှကုန်မှ FEM အလှကုန်အမျိုး ၂၀ ကျော် အပါအဝင် အခြားရေမွှေးနှင့် အလှကုန်များကိုလည်း မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချပေးနေပြီး အမြို့မြို့အနယ်နယ်ရှိ စတိုးဆိုင်များနှင့် စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ကြောင်း၊ နယ်ကိုယ်စားလှယ်ယူလိုသူများနှင့် လက်လီလက်ကား ဝယ်ယူရောင်းချ လိုသူများအနေဖြင့် ဖုန်း-၀၁-၂၀၀၆၇၆ နှင့် ၀၉-၅၁၁၂၆၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး ပဲခူးမြို့၌ စံကွက်ရိတ်သိမ်း

ပဲခူး ဇန်နဝါရီ ၁၀

မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တောင်သူဦးဌေးဝင်း၏ လယ်မြေ ၇ ဒသမ ၅၄ ဧက၌ ကျင်းပရာ မနောသုခစပါးမျိုး(ကောင်း)အဆင့် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါး ၇၆ ဒသမ ၆၉ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပဲခူးခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းမြင့်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးမင်းသော်တာ၊ ဒု-ဦးစီးမှူး ဦးခင်လှိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်၍ စံကွက်ရိတ်သိမ်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

ခင်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ခင်ဦး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာအုပ်စု၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မိုးစပါးအထွက် မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၁ ရက်က ကွင်းအမှတ်(၂၃၉၇)၊ ဦးပိုင်အမှတ်(၈၈)တောင်သူ ဦးကျော်ငြိမ်း၏ လယ်မြေနှစ်ဧကတွင် ကျင်းပရာ စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ ရွှေဘိုခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းလှိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစိန်ကောင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မိုးနှင့် မြေစာရင်းဝန်ထမ်းများ ပါဝင်ရိတ်သိမ်းကြသည်။

စံကွက်ရိတ်သိမ်းရာတွင် ပေါ်ဆန်းဘေးကြား မျိုးစပါး(ကောင်း) ကိုယ်စားပြုစံကွက်မှ တစ်ဧကလျှင် စပါးအခြောက် ၉၇ ဒသမ ၃၂ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၁၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၇။ အင်္ဂလိပ်စာသုတ
၄း၂၅ ၈။ မျိုးချစ်တပ်မတော်
၄း၃၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၆)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
၆း၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၂၂)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ဟာသရုပ်စုံ
၂၃။ မွေးမြူသုတ
၂၄။ သီချင်းလက်ဆောင်
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၂၄)**
၂၇။ Mini Series
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

မီးဘေးရှောင် မလောင်ခင်တား

ကျန်းမာသုခရစေဖို့ နေ့စဉ်မှန်မှန်လမ်းလျှောက်စို့

ဒေါ်တင်နွယ်ဦး (မှန်ချို)

ဒီနေ့ခေတ် မြို့ပြဒေသတွင်သာမ ကျေးလက်ဒေသက လူတွေပါ ကျန်းမာတဲ့လူနေမှုဘဝပုံစံကို တန်ဖိုးထားလိုက်နာလာကြတာ တွေ့ရပါတယ်။ မြို့ပြနဲ့ကျေးလက်ကွာခြားတဲ့ အချက်ကတော့ ကျေးလက်ဒေသတွေမှာ ကျန်းမာတဲ့လူနေမှုဘဝကို အလိုအလျောက်ရရှိနေသလိုပါပဲ။ ကျေးလက်ဒေသမှာ နေထိုင်ကြတဲ့လူများဟာ စိမ်းစိုလန်းဆန်းနေတဲ့ တောတောင်ရဲ့ သဘာဝရှုခင်း၊ သန့်ရှင်းလတ်ဆတ်တဲ့ဒေသထွက်အစားအစာ၊ မွှေးကြိုင်သင်းပျံ့တဲ့ပန်းရနံ့၊ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေး၊ လတ်ဆတ်တဲ့အသား၊ ငါး၊ ကြက်ဥနဲ့ ဟင်းသီးဟင်းရွက်တွေ၊ အာဟာရဓာတ်ပေါကြွယ်လှတဲ့ နွားနို့၊ ဆိတ်နို့ စတဲ့နို့အမျိုးမျိုး စတာတွေဟာ ကျန်းမာရေးအတွက် သဘာဝက ပေးတဲ့ဆေးတစ်ခွက်လို အကျိုးပြုနေတဲ့အတွက် အသက်ရှစ်ဆယ်ကျော်၊ ကိုးဆယ်တွေကို ကျေးလက်ဒေသတွေမှာ အများအပြားတွေ့ရလေ့ရှိတာပါပဲ။ အခုဆောင်းပါးမှာတော့ စာရေးသူအနေနဲ့ လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေထိုင်နိုင်ဖို့ အထောက်အကူပြုတဲ့ လူတိုင်းလမ်းလျှောက်တဲ့အလေ့အကျင့်ကို စွဲစွဲမြဲမြဲလုပ်သင့်တဲ့အကြောင်း တင်ပြသွားမှာဖြစ်ပါတယ်။

စကားစပ်မိလို့ စာရေးသူတွေ့ဖူးတဲ့ဘိုးသက်ရှည်၊ ဘွားသက်ရှည်အချို့အကြောင်း တင်ပြချင်ပါတယ်။ ထူးခြားတာလေးတွေက အဲဒီ အဘိုး-အဘွားတွေဟာ အသက်ရှစ်ဆယ်ကျော်တာတောင် အသားအရေက ဝါဝင်းစိုပြည်ပြီး မျက်စိမမှုန်၊ နားမထိုင်း၊ ခါးမကိုင်း၊ ပါးရေနားရေသိပ်မတွန့်ဘဲ အရွယ်တင်တာတွေ့ရတာပါပဲ။ သွားတွေလည်း ကောင်းတာတွေ့ရပါတယ်။မြေပဲလှော်နဲ့ အတော်အတန်မာတဲ့ပဲလှော်ကို တကျွတ်ကျွတ်မြည်အောင် ဝါးစားနေဆဲပါပဲ။ အဲဒီအဘိုး၊ အဘွားတွေအားလုံးရဲ့ တူညီတဲ့အချက်ကတော့ ငယ်စဉ်ကတည်းက မိမိတို့လုပ်နိုင်သမျှ အိမ်လုပ်ငန်းတွေဖြစ်တဲ့ (ထင်းခွဲ၊ ရေခပ်တို့လို) ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုပုံမှန်လုပ်နေတတ်ကြတာ၊ အထူးသဖြင့် လမ်းလျှောက်ကြတဲ့အချက်ပါပဲ။

လူသားတွေရဲ့ကျန်းမာရေးမှာ လမ်းလျှောက်ခြင်းဆိုတဲ့ (အလေ့အကျင့်)လုပ်ငန်းဟာ အရေးကြီးပါတယ်။ ခုနက စာရေးသူပြောတဲ့ အဘိုး၊ အဘွားများဟာ မနက်ခင်း စောစောထ၊ ဘုရားဝတ်ပြုပြီးတာနဲ့ လေကောင်းလေသန့်ရှူရှိုက်ရင်း နာရီဝက်ကနေတစ်နာရီလောက်ထိ လမ်းလျှောက်လေ့ရှိတာ တွေ့ရပါတယ်။ သူတို့ဟာ လမ်းဘယ်လောက်ထိ လျှောက်သလဲဆိုရင် မိုးတွင်းကာလ မိုးရွာနေရင်တောင် ထီးဆောင်းပြီး လမ်းလျှောက်ကြတဲ့သူတွေပါပဲ။ မနက်ပဲဖြစ်ဖြစ်၊ ညနေခင်းပဲဖြစ်ဖြစ် နာရီဝက်ကနေ တစ်နာရီလောက်အထိ လမ်းလျှောက်လေ့ရှိကြပါတယ်။ စာရေးသူရဲ့ အဘိုးက **"လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျ အသက်သာဆုံးနဲ့ အကောင်းဆုံး လေ့ကျင့်ခန်းတစ်ခုကို လုပ်တာဖြစ်တယ်"** လို့ ဆိုပါတယ်။ လမ်းလျှောက်ခြင်း(စင်္ကြံလျှောက်ခြင်း) အကျိုးကျေးဇူးနဲ့ပတ်သက်ပြီး "ခရီးသွားနိုင်၊ ကြံ့ခိုင်-အားအင်၊ စိတ်ကြည်လင်၍ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ များ၏စင်္ကြံအကျိုးတည်း"လို့ ပြဆိုထားတာမှတ်သားရဖူးပါတယ်။

စာရေးသူမှတ်ဖူးတဲ့ အသက်ရှည်ရာ အနာမဲ့ကြောင်းနဲ့ပတ်သက်လို့ ပါဠိစာပေကျမ်းဂန်တွေမှာ-

သပ္ပါယကာရီ	**-**	**မိမိနှင့် သင့်သောအမူကိစ္စများကိုသာ ဆောင်ရွက်ခြင်း**
သပ္ပါယေမတ္တံဇာနာတိ	**-**	**ထိုသို့ပြုလုပ်ရာ၌အတိုင်းအရှည်ကိုသိခြင်း**
ပရိဏာတဘောဇီ	**-**	**ကြေကျက်(ညက်) လွယ်သောအစာကိုသာ စားသောက်လေ့ရှိခြင်း**
သီလဝါ	**-**	**ငါးပါးသီလနှင့်ပြည့်စုံခြင်း**
ကလျာဏမိတ္တတာ	**-**	**မိတ်ကောင်း ဆွေမွန်ရှိခြင်းလို့ ဟောကြားတော်မူထားတာရှိပါတယ်။**

မြန်မာ့တိုင်းရင်းဆေးပညာမှာ ကျန်းမာရေးအတွက် အလွန်အရေးပါတဲ့ ကံ၊ စိတ်၊ ဥတုနဲ့ အာဟာရဆိုတဲ့ သမုဋ္ဌာန်အကြောင်းတရား လေးပါးဆိုတာရှိပါတယ်။ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတနေမှ ကိုယ်ရောစိတ်ပါ ကျန်းမာမှာပါ။ မကျန်းမာခြင်း(ဝါ)အနာရောဂါရခြင်းဟာ သမုဋ္ဌာန်လေးပါးညီညွတ်မျှတမှုမရှိလို့ ဖြစ်ပါတယ်။ အခုဆောင်းပါးမှာ သမုဋ္ဌာန်လေးပါးနဲ့ ကျန်းမာရေးဆက်စပ်မှုကို အနည်းငယ်တင်ပြလိုပါတယ်။

"ကံ"(ကမ္မသမုဋ္ဌာန်)

"ကံ"ဆိုသည်မှာ အလုပ်ပင်ဖြစ်ပါတယ်။ "အလုပ်"ဆိုတာက ကာယကံ၊ ဝစီကံနဲ့ ပြုမူ၊ လိုက်နာ-ကျင့်ကြံနေထိုင်ခြင်းပင်ဖြစ်ပါတယ်။ ကျန်းမာရေးကို စောင့်ရှောက်ထိန်းသိမ်းနိုင်ဖို့ ကျန်းမာရေးဗဟုသုတ အသိပညာရှိအောင် လုပ်ကြရသလို အသိပညာကို လက်တွေ့အသုံးချနေကြရပါတယ်။ အသိပညာကို လက်တွေ့အသုံးချတတ်တဲ့ အလေ့အကျင့်ကနေ အလေ့အထဖြစ်လာအောင် ကြိုးစားလုပ်ကိုင်နေထိုင်ကြရပါတယ်။ ကံ(ကမ္မသမုဋ္ဌာန်)နဲ့ပတ်သက်လို့ရှိရင် မိမိခံနိုင်စွမ်းရည်ထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မူးယစ်ထုံထိုင်းစေတဲ့ဆေးဝါးများ သုံးစွဲခြင်း၊ ဆီး-ဝမ်း-သွေး-လေ တို့ကို ချုပ်တည်းခြင်းဟာ ကျန်းမာရေးကို ထိခိုက်စေသော ကံအကြောင်းတရားများပင် ဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ "အသိ"၊ "သတိ" တို့နှင့် ယှဉ်တွဲနေထိုင်၊ စားသောက်၊ ကျင့်ကြံတတ်တဲ့ အလေ့အထ (အဝမလွန်အောင်ဂရုစိုက်ဆောင်ရွက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ခြင်း စသည်)ဟာ "အာရောဂျ ပရမံ လာဘံ"ဆိုတဲ့ "ကံ"အခွင့်အလမ်းကို ခံစားစေရမယ့် အကြောင်းတရားဖြစ်ပါတယ်။

"စိတ်"(စိတ္တသမုဋ္ဌာန်)

လူသားတို့၏ရုပ်ခန္ဓာ အကောင်အထည်ကြီးဟာ စိတ်၏ဦးဆောင်မှုအလိုအတိုင်း ဖြစ်ပျက်တည်ရှိနေပါတယ်။ "ရုပ်" နှင့် "နာမ်"၊ "ကံ"နှင့် "စိတ်"တို့ဟာ အပြန်အလှန် မှီတွယ်နေရတဲ့အတွက် "ကံ"၏ အကြောင်းတရားအရင်းခံဖြစ်တဲ့ "အလုပ်" ဟာ စိတ်ရဲ့စေစားရာ ဆောင်ရွက်စီမံကြရတဲ့ လုပ်ငန်းစဉ်များပင် ဖြစ်ပါတယ်။ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်သာကိုးကွယ်ရာလို့ ဘုရားရှင်ဟောတော်မူထားပါတယ်။ "စိတ်ပျိုကိုယ်နု"၊ "စိတ်ထောင်းကိုယ်ကြေ" ဖြစ်ရတယ်ဆိုတဲ့ မြန်မာ့ဆိုရိုးစကားဟာ "စိတ်"ရဲ့ ပြဋ္ဌာန်းချက်ကြောင့် ရုပ်ခန္ဓာကျန်းမာကြံ့ခိုင်မှုကို သက်ရောက်ရပါတယ်။ ဒီအတွက် လူတို့ရဲ့ ကျန်းမာရေးအတွက် "စိတ်" သဘောထားတတ်မှု အလွန်အရေးပါကြောင်း သိသာထင်ရှားနေပါတယ်။

အမျက်ဒေါသကြီးခြင်း၊ စိတ်သောကများခြင်းနှင့် စိတ်အားငယ်ခြင်းတို့ကိုရှောင်ရှားပြီး မေတ္တာပွားကာ သင့်တင့်စွာ နှလုံးသွင်းခြင်းဟာ ကျန်းမာရေးကို ကောင်းမွန်စေနိုင်တဲ့ စိတ်သမုဋ္ဌာန်ရဲ့ ပြဋ္ဌာန်းချက်ပင် ဖြစ်ပါတယ်။

"ဥတု"(ဥတုသမုဋ္ဌာန်)

ဥတုရာသီဆိုတာ အပူအအေးသဘော၊ သဘာဝတရားပင်ဖြစ်ပါတယ်။ ကိုယ်ခန္ဓာအတွင်းရှိ ဓာတ်ကြီးငါးပါး (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ) ညီညွတ်မျှတမှုကို ရရှိအောင် အပူပြင်းတဲ့အခါ အေးတဲ့အရိပ်အာဝါသမှာနေထိုင်တာ၊ အေးလွန်းတဲ့အခါ နွေးထွေးမှုရရှိစေသော အသုံးအဆောင်များနှင့် ပြုပြင်နေထိုင်တာဟာ ကျန်းမာရေးကို စောင့်ရှောက်ခြင်းပင် ဖြစ်ပါတယ်။

ဥတုဘောဇနသင်္ဂဟကျမ်းမှာ ရေကို ကျိုချက်သောက်ရာမှာတောင် ရတုအားလျော်စွာ- **(၁)ဝဿာန၊ ဂိမှရတုတို့၌ ရှစ်ဖို့တစ်ဖို့ (၂)သရဒ ရတု၌ လေးဖို့တစ်ဖို့ ကြွင်းကျိုပါ။ (၃)သိသိရ၊ ဝသန္တ၊ ဟေမရတုတို့၌ နှစ်ဖို့တစ်ဖို့ (၄)သာမန် အသုံးပြုလိုသည့်အခါမျိုး၌ (ဆူပွက်ရုံ)မျှ ကျိုချက်သောက်သုံးပါလို့ ဆိုထားပါတယ်။**

ကျန်းမာရေးစောင့်ရှောက်မှုအတွက် သဘာဝမြေ၊ ရေ၊ လေ၊ ဥတုရာသီတို့ကို လိုက်လျောညီထွေ ပြုပြင်နေထိုင်ဖို့ အရေးကြီးကြောင်းကို "ဥတု" သမုဋ္ဌာန်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးပညာမှာ ဖော်ပြထားပါတယ်။သဘာဝရာသီဥတုနဲ့ကိုက်ညီအောင် ဝတ်စားဆင်ယင် နေထိုင်ခြင်းဖြင့် ကျန်းမာစေမှာ ဖြစ်ပါတယ်။

"အာဟာရ"(အာဟာရသမုဋ္ဌာန်)

"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ" တည်းဟူသော သတ္တဝါတို့၏ အသက်ရှင်ခြင်းဖြစ်စဉ်က အာဟာရပေါ်မှာ တည်မှီနေပါတယ်။ ချို-ချဉ်-ငန်-စပ်-ခါး-ဖန် ဆိုတဲ့ အရသာခြောက်မျိုးထဲက တစ်မျိုးမျိုးကို အလွန်အကြူးခုံမင်နှစ်သက်ပါက ကောင်းကျိုးထက် ဆိုးကျိုးသာဖြစ်စေမှာပါ။ အရသာခြောက်ပါးကို မျှမျှတတစားသုံးမှီဝဲခြင်းဟာ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အာဟာရကိုဖြစ်စေပြီး ရောဂါဘယများကို ကာကွယ်တားဆီးတဲ့အတွက် ကျန်းမာအသက်ရှည်မှာ မလွဲပါဘူး။

"အာရုံ၊ နေရာ၊ ဆေး၊ အစာ"ဆိုတဲ့ မြန်မာ့တိုင်းရင်းဆေးပညာညွှန်ပြချက်တစ်ရပ်ဟာ အစားအစာကို အာဟာရဖြစ်အောင် ညီညွတ်မျှတစွာ မှီဝဲသုံးဆောင်တတ်ရေးအတွက် အရေးပါတဲ့ပြဋ္ဌာန်းချက်ပင် ဖြစ်ပါတယ်။ ချို-ချဉ်-ငန်-စပ်-ခါး-ဖန် အရသာ ခြောက်ပါးမှတစ်ခုခုလွန်ကဲတဲ့ အစာများ စားသုံးခြင်းကို ရှောင်ကြဉ်ပြီး သင့်တော်မယ့် အစာအာဟာရများကို ရွေးချယ်စားသောက်ခြင်းဖြင့် ကျန်းမာရေးကို စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။

ကျန်းမာသက်ရှည်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဆိုတဲ့ သမုဋ္ဌာန်(၄)ပါးကို ကောင်းစွာ သတိပြုလိုက်နာဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးချင်းမှသည် မိသားစု၊ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး ကျန်းမာကြံ့ခိုင်မှုရရှိမှာ ဖြစ်ပါတယ်။

အခုဆောင်းပါးမှာ လမ်းလျှောက်တာနဲ့ ပတ်သက်ပြီး အလျဉ်းသင့်လို့ စာရေးသူအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထုတ်ပြန်ထားတဲ့ "သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့"ဆိုတဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်ကလေးကို လူတိုင်းတန်ဖိုးထား လိုက်နာတတ်ကြစေဖို့ မူရင်းအတိုင်း ဖော်ပြလိုပါသေးတယ်။

"သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့"

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များနာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုး ကျစေသည်။
၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။
၄။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှ အဆီကျစေသည်။
၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ဒီနှိုးဆော်ချက်ကလေးဟာ သိပ်ကိုအလေးဂရုပြုသင့်တဲ့၊ တန်ဖိုးရှိတဲ့ ကျန်းမာရေးပညာပေးနှိုးဆော်ချက်ပဲဖြစ်ပါတယ်။ အခုဆိုရင် ရာသီဥတုကလည်း ဆောင်းရာသီကာလမို့ အေးမြနေပါပြီ။ ကျန်းမာရေးအတွက် လမ်းလျှောက်ဖို့ အကောင်းဆုံး ပွင့်လင်းရာသီကိုလည်း ရောက်လာပြီဖြစ်ပါတယ်။ ဒီအတွက် စိတ်ဖိစီးမှုကင်းဝေးပြီး သွေးတိုး၊ ဆီးချို၊ နှလုံးစတဲ့ရောဂါတွေဝင်ရောက်မလာအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ နေ့စဉ် လမ်းလျှောက်ပေးဖို့ လိုပါလိမ့်မယ်။ ဆိုတော့ကာ လူတိုင်း အလွယ်တကူဆောင်ရွက်နိုင်ပြီး ငွေကုန်ကြေးကျမရှိတဲ့ (နေ့စဉ်မှန်မှန်) လမ်းလျှောက်ခြင်းကို အခုက စပြီး ဆောင်ရွက်နိုင်ကြစေဖို့ **"ရောဂါကင်းလို့ ကျန်းမာဖို့၊ နေ့စဉ်နေ့တိုင်း လမ်းလျှောက်စို့"** လို့ တိုက်တွန်း ရေးသားလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက်အသက်(၈၀)နှင့်အထက် အဆို၊ အရေး၊ အတီး သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၇ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ မဟာဂီတအလှူ၊ ကာလပေါ်အလှူ၊ ခေတ်ပေါ်စတီရီယိုအလှူ၊ အသံဖမ်းစက်မှုအလှူ၊ ထုတ်လုပ်ဖြန့်ချိအလှူ အလှူအသီးသီးမှ ဂီတပညာရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁-၂၀၁၁ (အင်္ဂါနေ့)
[၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း(၇) ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၀၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၅ ၉။ "အမှန်ထင်နေသောအမှား"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ)(ဓာတုဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၂၅ ၈။ "ကြယ်စင်ဥယျာဉ်"
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၂။ ဆိုလိုက်ကြစို့
၇း၀၀ ၁၃။ စန္ဒရားလှထွတ်၏ အမှတ်တရတေးများ
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ရယ်စရာဟာသများ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၂၃)**
၁၉။ "ရုပ်ရှင်ပဟေဠိ"
၂၀။ အစီအစဉ်ပြီး၏။

ပညာရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၀

၁၉၇၁ ခုနှစ်မှ စတင်၍ ပညာရေးတက္ကသိုလ်၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပညာသင်နှစ်မှစတင်၍ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ရန်ကုန်မြို့ ဦးမောင်ဝင်း ရုံးဖုန်း-၀၁-၃၇၁၉၇၄၊ အိမ်ဖုန်း-၀၁-၂၁၇၁၅၄၊ မော်လမြိုင်မြို့ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၁-၃၇၅၀၂၇၊ ၀၉-၅၄၁၀၃၆၆၊ ပဲခူးမြို့ ဒေါ်မြင့်ဝေ ကျောင်းဖုန်း-၀၁-၅၈၄၈၁၇၊ အိမ်ဖုန်း-၀၁-၅၆၄၇၉၀၊ မော်လမြိုင်မြို့ ဒေါ်သန်းသန်းမူ ဖုန်း-၀၁-၂၂၀၉၃၈၊ ၀၉-၅၄၀၀၈၅၃၊ ရန်ကုန်မြို့ ဦးစိုးသန်း ဖုန်း-၀၁-၅၅၇၅၀၆၊ ကျွန်းလှမြို့ ဦးကျော်ထင် ဖုန်း-၀၉-၅၀၃၁၉၂၆၊ နန်းမားမြို့ ဒေါ်တင့်တင့် ဖုန်း-၀၉-၅၅၀၃၄၄၇၊ ပျဉ်ပုံကြီး ဦးတင်ဝင်း ဖုန်း-၀၉ ၅၁၅၅၉၈၇ နှင့် ဇီးကုန်းမြို့ ဒေါ်ရီရီတင် ဖုန်း-၀၉-၅၁၈၇၁၉၄ တို့သို့ ဆက်သွယ်ကြရန်ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော ကွတ်ခိုင်နှင့် လောက်ကိုင်တွင် လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မြို့နယ် နမ့်တောင်ကျေးရွာအနီး ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် မုံးစီး-တာပါး-တာရွှေထန်လမ်းပေါ်ရှိ သံလွင်မြစ်ကူး သံလွင်တံတား (တာပါး)သို့ ရောက်ရှိပြီး တံတားကြွခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တာပါး-တာရွှေထန်လမ်း တိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် လမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လောက်ကိုင်-ကုန်းကြမ်း လမ်းဖောက်လုပ်နေမှုနှင့် လမ်းခင်းကျင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ)** (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင် လေ့ကျင့်ရေး ဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကြိုတင် ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများတွင် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးစီမံချက်ကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီ အဖွဲ့ဝင်များက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေး လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစီမံချက်များအတွက် GIS(Geographic Information Systems) ပထဝီ သတင်းအချက်အလက် မြေပုံစနစ်(သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက် အသုံးပြုပုံ သင်တန်းကို ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၉နှင့် ၃၀ ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် သင်တန်းကာလ လေးရက်ကြာ ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်သည်။

မိမိတို့ဆောင်ရွက်မည့် ဆောက်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဒေသ မြေပုံများကို ဂြိုဟ်တုဓာတ်ပုံ အခြေခံ၍ ရေးဆွဲနိုင်ကြမည်။ အင်ဂျင်နီယာလုပ်ငန်းများ၊ ပြည်တွင်းပြည်ပ ကုမ္ပဏီကြီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း INGO များတွင် ဝင်ရောက်လုပ်ကိုင်ရန် အတွက် လိုအပ်သော GIS နည်းပညာများကို အချိန်တိုအတွင်း သင်ယူလေ့လာခွင့် ရမည်ဖြစ်သည်။

အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း NGO များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည်ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆၊ မအိမွန်အောင် (သို့မဟုတ်) မမွန်မွန်ထံသို့ အသေးစိတ် ဆက်သွယ်စုံစမ်း အပ်နှံနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ**(ယာပုံ)**အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌနှင့်ကျေးရွာသူ၊ ကျေးရွာသားများ၊ မူလတန်းကြိုကျောင်း ဖြစ်မြောက်ရေးအတွက် လှူဒါန်း ပေးသော အလှူရှင်များကိုယ်စား Asia World Company မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မူလတန်းကြိုကျောင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား Asia World Company မှ ဦးတင့်လွင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူလတန်းကြိုကျောင်း အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံ ပေးအပ်ပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မူလတန်းကြိုကျောင်းအတွက် ငွေပဒေသာပင်ကို စိုက်ထူပေးသည်။

ထို့နောက် အေးမြင့်သာယာကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အလှူရှင်တို့က မူလတန်းကြိုကျောင်း အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

အက်ကွဲနေသည့် အုတ်နံရံချပ်များ ပြိုကျ၍ အမျိုးသမီးကြီးတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရသေဆုံးမှု ပန်းဘဲတန်းမြို့နယ် (၂၉)လမ်းအတွင်းဖြစ်ပွား သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်(၆၁)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာ့စီးပွားရေးကို ဦးမော့စေမှာလား၊ မွမ်ဘိုင်းမြို့ရှိ အံ့ဖွယ်ခုနစ်ခုတွင် နောက်ဆုံးတည်ဆောက်ထားသည့် ရွှေတိဂုံစေတီပုံတူ ဝိပဿနာလိုဏ်ဂူပါဝင်၊ မြန်မာနိုင်ငံအခွန်စနစ်သစ်တစ်ရပ် စတင်ကျင့်သုံး၊ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန်နှင့်ပတ်သက်၍ လုပ်ငန်းရှင်များ သိရှိလိုက်နာမှုအားနည်း၊ စားသောက်ဆိုင် နောက်ဖေးလမ်းကြားတွင် သေဆုံးနေသည့် မလေးရောက် မြန်မာတစ်ဦး၊ နော်ဝေနိုင်ငံ Seadill ကုမ္ပဏီက မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံတူးဖော်မှုများ ပြန်လည်ပြုလုပ်မည်၊ ကားဈေးကျ ဒေါ်လာဈေးမတည်ငြိမ် မြန်မာကျပ်ငွေ ရှားပါးတန်ဖိုးမြင့်တက်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပိုများလာနိုင်သည့် မြန်မာနိုင်ငံ၊ ထိုင်း စက်မှုဝန်ကြီး မြန်မာနိုင်ငံလာရောက်မည်၊ ရုပ်ရှင်ချစ်သူများ မျှော်လင့်နေသည့် ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး နီးလာပြီ၊ သရုပ်ဆောင်ဆုကို နေတိုး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်တို့က တစ်ပြေးလျက်ရှိ၊ အီရန်ကို အစ္စရေးတို့ ၁၂ မိနစ်အတွင်း ဒုံးပျံများဖြင့် တိုက်ခိုက်နိုင်၊ ၁၉၈၀ ခုနှစ်က အာရပ်တို့အား အစ္စရေးက ချူကလီးယားဗုံးဖြင့် တိုက်ခိုက်ရန်ကြံစည်ခဲ့၊ အီရန်ရေတပ်က ခရုဇ်ဒုံးပျံသစ်များလက်ခံရရှိ၊ အီရန်တို့ တတိယကမ္ဘာစစ်အတွက် လက်နက်အသင့်ပြင်နေပြီလား၊ တရုတ်နိုင်ငံ၏ ဟိုက်ပါဆိုးနစ်ဒုံးကျည်စနစ် အမေရိကန်၏ ပင်လယ်ပြင်လွှမ်းမိုးမှုကို ဖျက်ဆီးနိုင်၊ သွားထဲထောက်လှမ်းရေးပစ္စည်းများ ကွယ်ဝှက်ယူလာမှုဖြင့် အမေရိကန်အမျိုးသမီးကို အီရန် ဖမ်းဆီးထား၊ မောင်းသူမဲ့ သူလျှိုလေယာဉ်များ အီရန်ပစ်ချသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့် အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက်က မထသ (ရန်ကုန်တိုင်းဒေသကြီး)ရုံးချုပ်၌ ကျင်းပရာ ဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)က “ခရီးသွား လမ်းသွား ဘေးရန်မများစေနဲ့” ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(မထသရုံးချုပ်)

ဇန်နဝါရီ ၈ ရက်က ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် သုတေသနကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၁၀ အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး နံနက်ပိုင်းတွင် သုတေသနစာတမ်း ၁၀ စောင်ကို တင်ပြဆွေးနွေးကြသည်။

စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်နှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန် အဏုဇီဝဗေဒဌာန ပါမောက္ခ/ ဌာနမှူးပါမောက္ခဒေါက်တာကြည်ကြည်သင်းတို့က သဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး သုတေသီများက သုတေသနစာတမ်း ကိုးစောင်ကို တင်ပြဆွေးနွေးကြသည်။

ယင်းညီလာခံနှင့် တစ်ဆက်တည်းတွင် ဆေးသိပ္ပံဖွံ့ဖြိုးမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပရာ လူမှုဆေးပညာသုတေသန အဆောက်အအုံ ကွန်ဖရင့်ခန်းမ၌ ခေတ်မီရောဂါပြီးနှင့် တစ်သျှူးဗေဒဆိုင်ရာ ဇီဝဓာတုဗေဒနည်းပညာများနှင့် ယင်းတို့၏ ကုသမှုဆိုင်ရာကဏ္ဍတွင် လက်တွေ့အသုံးဝင်မှု နှီးနှောဖလှယ်ပွဲ ကျင်းပပြီး ဂျပန်နိုင်ငံမှ ပညာရှင်နှစ်ဦးနှင့် မြန်မာနိုင်ငံမှ ပညာရှင်နှစ်ဦးတို့က ဆွေးနွေးတင်ပြကြသည်။

ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ခန်းမ၌ မလေးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ကျောက်ကပ်ရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီး သုံးဦးတို့က ကျောက်ကပ်ရောဂါများနှင့် စပ်လျဉ်း၍ ဆေးပညာကုသနည်းများ၊ ခွဲစိတ်ကုသနည်းများ၊ ကျောက်ကပ်အစားထိုးကုသနည်းများ၊ သုတေသနတွေ့ရှိမှုများကို တင်ပြဆွေးနွေးကြရာ တက်ရောက်လာကြသော သုတေသီများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ညီလာခံတွင် သုတေသနစာတမ်းပေါင်း ၉၄ စောင်နှင့် ပိုစတာစောင်ရေ ၂၀ တို့ကို ငါးရက်တိုင် ဖတ်ကြားတင်သွင်းပြသမည်ဖြစ်ပြီး ညီလာခံရက်အတွင်း ပြခန်းများကိုလည်း ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆**ကျောဖုံးမှ**

တောတွင်းဥယျာဉ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို နိုင်ငံတကာအဆင့်မီ ဆာဖာရီတစ်ခုဖြစ်လာစေရန်နှင့် တိရစ္ဆာန်ဥယျာဉ်အတွင်းမှ တိရစ္ဆာန်များ၊ အပင်များ၊ နက္ခတ်တာရာပြခန်းနှင့် ငါးပြတိုက်တို့ကို လေ့လာရင်း အချိန်တိုအတွင်းမှာပင် ရုက္ခဗေဒ၊ သတ္တဗေဒ၊ နက္ခတ္တဗေဒစသည့် ဗဟုသုတများစွာကို တစ်နေရာတည်းမှာပင် စုံလင်စွာရရှိစေနိုင်မည့် ဥယျာဉ်တစ်ခုလည်း ဖြစ်သည်။

ထို့နောက် ဆာဖာရီဥယျာဉ်(နေပြည်တော်)နှင့် ပတ်သက်၍ ဆာဖာရီဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက “ဒီဆာဖာရီဥယျာဉ်မှာ တိရစ္ဆာန်တွေကို အရင်မြင်နေကျ **(Open Zoo)** ပုံစံအတိုင်း လှောင်အိမ်ထဲမှာ၊ လွတ်ကွင်းထဲမှာ ကန့်သတ်ထားတာမျိုး မဟုတ်ဘဲနဲ့ သူတို့ရဲ့ တောတွင်းဓလေ့စရိုက် သဘာဝနေထိုင်မှုအတိုင်း သဘာဝကျကျ တွေ့ရမှာဖြစ်ပါတယ်။ လာရောက် လေ့လာသူတွေကလည်း သာမန်တိရစ္ဆာန်ဥယျာဉ်လိုမျိုး မဟုတ်ဘဲနဲ့ မိမိကိုယ်တိုင် တကယ့်ကို အာဖရိက တောထဲကို ရောက်သွားသလို ခံစားမှုမျိုးပေးနိုင်ဖို့အတွက် ရည်ရွယ်တည်ဆောက်ထားပါတယ်။ ဒီဥယျာဉ်မှာ အာဖရိကနဲ့ ဩစတြေးလျက ရှားပါးမျိုးစိတ်တွေဖြစ်တဲ့ သားပိုက်ကောင်၊ သစ်ကုလားအုတ်၊ ကြံ့ဖြူ၊ မြင်းကျား၊ ငှက်ကုလားအုတ်၊ ဆိတ်သမင်၊ ဘို့တစ်လုံးကုလားအုတ်၊ ခြင်္သေ့၊ အာဖရိကသမင် (အင်ပါလာ)စတဲ့ ကမ္ဘာ့နိုင်ငံအချို့က တိရစ္ဆာန် ၁၆ မျိုး စုစုပေါင်း ၂၀၂ ကောင် ပါဝင်ပြသမှာဖြစ်ပြီး တိရစ္ဆာန်တွေရဲ့ သဘာဝနဲ့ နေထိုင်ကျက်စားမှုများကိုလည်း သဘာဝကျကျ လေ့လာနိုင်မှာဖြစ်ပါတယ်။ တိရစ္ဆာန်တွေအားလုံးကို အာဖရိကကနေ လေကြောင်းနဲ့ တိုက်ရိုက်သယ်ဆောင်လာတာဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

အာရှပြကွက်တွင် နွားနောက် ရှစ်ကောင်၊ ဆတ်အကောင် ၃၀၊ ရွှေသမင်အကောင် ၃၀၊ ဒရယ်အကောင် ၅၀ စုစုပေါင်း ၁၁၈ ကောင်၏ သဘာဝ ဓလေ့စရိုက်များကို တွေ့ရမည်ဖြစ်သည်။ အာရှဆာဖာရီပြကွက်မှ ဘာဂီ **(Buggy)**ဖြင့် ခရီးဆက်လာသောအခါ ဩစတြေးလျ ဆာဖာရီပြကွက်ကို ထပ်မံမြင်တွေ့ရမည် ဖြစ်သည်။ ၎င်းပြကွက်သည် ၃ ဒသမ ၅၃ ဧကကျယ်ဝန်းပြီး ဟော်လန်မှတင်သွင်းသော သားပိုက်ကောင် ခြောက်ကောင်နှင့် သားပိုက်ကောင်(အသေး) ၁၀ ကောင် စုစုပေါင်း ၁၆ ကောင်တို့ကို လေ့လာနိုင်သည်။

ဩစတြေးလျပြကွက်ပြီးလျှင် အာဖရိက ဆာဖာရီပြကွက်သည် အကြီးဆုံးသော ပြကွက်ဖြစ်သည်။ မြေဧက ၅၉ ဒသမ ၆၄ ဧက အကျယ်ရှိပြီး တိရစ္ဆာန်အကောင်ကြီး အရေအတွက်များသော ပြကွက်တစ်ခုလည်း ဖြစ်သည်။ အာဖရိကဆာဖာရီပြကွက်တွင် ကုလားအုတ် ခြောက်ကောင်၊ အာဖရိကသမင် ရှစ်ကောင်၊ ဆိတ်သမင် ခြောက်ကောင်၊ ခြင်္သေ့ ခြောက်ကောင်၊ ကျား ၁၀ ကောင်၊ ကြံ့ဖြူ ခြောက်ကောင်၊ ငှက်ကုလားအုတ် ၁၀ ကောင်၊ သစ်ကုလားအုတ် ခြောက်ကောင်၊ မြင်းကျား ခြောက်ကောင်နှင့် မြင်းပုလေးကောင် စုစုပေါင်း ၆၈ ကောင် ပါဝင်ပြသထားမည်ဖြစ်သည်။

ဆာဖာရီဥယျာဉ် အတွင်းတွင် တိရစ္ဆာန်တို့ နေထိုင်ရာနေရာများကို တောတွင်းသဘာဝအတိုင်း ကျောက်လိုဏ်ဂူများ၊ သစ်ပင်များ၊ ရေကန်ငယ်များဖြင့် သဘာဝနှင့် အနီးစပ်ဆုံးဖြစ်အောင် ဖန်တီးပေးထားသည်။ ပြကွက်တစ်ခုနှင့်တစ်ခုကို ခြံစည်းရိုးများဖြင့် ခြားထားပြီး ကျားနှင့်ခြင်္သေ့ ပြကွက်တွင် စည်းရိုးမှာ နှစ်ထပ်ကာရံပေးထားသဖြင့် ယင်းပြကွက်တွင် ခြံစည်းရိုး ငါးထပ်၊ ကြံ့ဖြူတွင် ခြံစည်းရိုးလေးထပ်နှင့် အခြားတိရစ္ဆာန်များတွင် စည်းရိုးသုံးထပ် ကာပေးထားသည်။

လာရောက် လေ့လာသူများသည် ထိုခြံစည်းရိုးများ၏ အတွင်းထဲအထိ ဘာဂီဖြင့် ဝင်ရာက်လေ့လာနိုင်ပြီး ကျားနှင့်ခြင်္သေ့ပြကွက်တွင်မူ ခြံစည်းရိုးအတွင်းသို့ ဝင်ရောက်လေ့လာရာတွင် အများပြည်သူတို့၏ လုံခြုံရေးအတွက် အထူးပြုလုပ်ထားသော မီနီဘတ်(စ်)ဖြင့်သာ ဝင်ရောက်လေ့လာနိုင်သည်။

“ဒီတိရစ္ဆာန်တွေက နိုင်ငံခြားမျိုးစိတ်တွေဖြစ်တဲ့အတွက် သူတို့ရဲ့ကျန်းမာရေး၊ အစာစားသောက်မှုစတဲ့ ဥပမာ-သောက်သုံးရေကအစ သူတို့ရဲ့ထူးခြားမှုတွေကို အမြဲဂရုတစိုက် ကြည့်နေရပါတယ်။ လိုအပ်ရင် ဆရာဝန်တွေနဲ့ အနီးကပ် ကြီးကြပ်ကုသရပါတယ်။ သူတို့အတွက် တိရစ္ဆာန်ထိန်းတွေကိုတော့ လက်ရွေးစင်တွေထားပြီးတော့ ပြုစုစောင့်ရှောက်ရပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ထို့အပြင် ထူးခြားသည့် ပြကွက်တစ်ခုဖြစ်သည့် ငါးပြတိုက်ကိုလည်း ဗဟုသုတဖြစ်ဖွယ် ဝင်ရောက်လေ့လာနိုင်သေးသည်။ အဆိုပါ ငါးပြတိုက်တွင် ငါးကန်ပေါင်း ၅၁ ကန်၊ ဂါလန် ၅၀၀၀၀ ဆံ့ ရေကန်တစ်ကန်၊ ရှားပါး လှသည့် ရေချို၊ ရေငန် မျိုးစိတ်ပေါင်း ၄၄ မျိုးနှင့် ငါးအကောင်ရေ စုစုပေါင်း ၁၃၈၁ ကောင် ပြသသွားမည် ဖြစ်သည်။

ထူးခြားဆန်းပြားသည့် တိရစ္ဆာန်မျိုးစိတ်များကို လေ့လာနိုင်ရုံသာမက ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်အတွက် ခေတ်မီကလေးကစားကွင်းကိုလည်း ငါးပြတိုက်အနီးတွင် တည်ဆောက်ပေးထားသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)၏ တောကျန်နယ်မြေပေါ်တွင် တိရစ္ဆာန်များ သဘာဝအတိုင်း ကျက်စားနိုင်ရေးအတွက် သစ်ပင်၊ ပန်းပင်များကို တိုးချဲ့စိုက်ပျိုးပေးလျက်ရှိသည်။ ဆာဖာရီဥယျာဉ်ထဲတွင် အများပြည်သူတို့ လေ့လာနိုင်ရန်အတွက် သစ်ခွခြံကိုလည်း တည်ဆောက်လျက်ရှိသည်။

အားလပ်ရက်များတွင် ဗဟုသုတရှာမှီးလိုသူများအဖို့ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ တိရစ္ဆာန်များ၏ သဘာဝ၊ နက္ခတ်တာရာပြခန်းမှ နက္ခတ္တဗေဒ၊ နိုင်ငံတကာအဆင့်မီ ဆာဖာရီဥယျာဉ်တို့ကို လေ့လာရုံမျှမကဘဲ ပြည်ထောင်စုအမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) (သို့မဟုတ်) တိုင်းရင်းသားကျေးရွာသို့ပါ တစ်ဆက်တစ်စပ်တည်း ဘာဂီဖြင့် သွားနိုင်သည့်လမ်းများ ဖောက်လုပ်ထားသည့်အတွက် တစ်နေရာတည်းမှာပင် လေ့လာစရာများ မကုန်နိုင်သော ဗဟုသုတ ဇုန်တစ်ခုသဖွယ် ဖြစ်နေပေသည်။

ထို့ကြောင့် မကြာမီဖွင့်လှစ်တော့မည့် ဆာဖာရီဥယျာဉ် (နေပြည်တော်)သို့ လာရောက်လည်ပတ်သူများ အနေဖြင့် တောတွင်းတိရစ္ဆာန်များ နေထိုင်တတ်သည့် သဘာဝပတ်ဝန်းကျင်အတိုင်း အနီးစပ်ဆုံး ကိုက်ညီမှုရှိစေရန် စီမံထားမှုကိုလည်းကောင်း၊ အာဖရိက၊ ဩစတြေးလျ အစရှိသော ကမ္ဘာ့နိုင်ငံများမှ ရှားပါးတိရစ္ဆာန်မျိုးစိတ်များကိုသာမက တိရစ္ဆာန်တစ်မျိုးချင်းစီ၏ တောတွင်းနေထိုင်မှု သဘာဝများကို မိမိကိုယ်တိုင် တောထဲသို့ ရောက်နေရသကဲ့သို့ ခံစားမှုမျိုးကို သိရှိလေ့လာခံစားနိုင်မည့် ဆာဖာရီဥယျာဉ်(ခေါ်) တောတွင်း ဥယျာဉ်သည် လူအများ၏ စိတ်ကို ကျေနပ်ဖွယ် စိတ်ခံစားမှု အမျိုးမျိုးဖြင့် ဖမ်းစားနိုင်မည်မှာ ဧကန်ပင် ဖြစ်ပါသည်။ ။

ကလေးများအတွက် ခေတ်မီကစားကွင်း။

အာဖရိက မြင်းကျား။

ရှားပါးမျိုးစိတ်ဖြစ်သော ဘို့တစ်လုံးကုလားအုတ်။

ဂန့်ဂေါမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေး ပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိန်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းနှင့် တာဝန်ရှိသူများက ကလေးပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

တောင်တွင်းကြီး ဇန်နဝါရီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မကွေးခရိုင် ခရိုင်မန်နေဂျာ ဦးမြင့်ဦး၊ တောင်တွင်းကြီးမြို့နယ် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးရွှေအိုးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် တောင်တွင်းကြီးမြို့နယ် ပင်တိုင်အုပ်စု ဂုံပင်ကျေးရွာ ကွင်းအမှတ် (၂၇၂၄) ဦးပိုင်အမှတ် (၁၇၆) တောင်သူ ဦးအောင်မှင်၏ ဆင်းသုခစပါးမျိုးသန့်စိုက်ခင်း၌ စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီး စပါးတစ်ဧက ၁၁၉ ဒသမ၃၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း

ငမိုးရိပ်ရေလှောင်တမံကြွခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဇန်နဝါရီ ၉ ရက်တွင် အင်းတိုင်တပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိများနှင့် တွေ့ဆုံ၍ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုဝင်များအား ဝတ်စုံများ၊ ချီးမြှင့်ငွေနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက် ငမိုးရိပ်ရေလှောင်တမံ၌ ရေသိုလှောင်ထားရှိမှုနှင့် ဆည်ကြွခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မရမ်းချောင်ကျေးရွာ နယ်မြေခံတပ်ရင်းများ၌ အရာရှိများနှင့် တွေ့ဆုံသည်။

ယင်းနောက် နယ်မြေခံတပ်ရင်းများအတွင်း ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ချီးမြှင့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း အင်းတိုင်တပ်နယ် နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဂုဏ်ပြုဆုချီးမြှင့်ပွဲ ဝန်ကြီး ဦးအောင်ကြည် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားသို့ မိဘဆရာအသင်း နာယက အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်ကြည်က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး တာဝန်ရှိသူများက ဘက်စုံဆုများဆက်လက်ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် တင်ဆက်ကပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ရေပေးရေး ရေစုကန်သန့်ရှင်းရေးဆောင်ရွက်

ဟားခါး ဇန်နဝါရီ ၁၀

ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၂)ရပ်ကွက်မှ တာဝန်ရှိသူများသည် မြို့ရေပေးရေး ရေစုကန်ပတ်ဝန်းကျင်၌ ပေါင်း၊ မြက်၊ အမှိုက်များ ရှင်းလင်းခြင်း၊ ပျက်စီးနေသော ရေပိုက်များပြုပြင်ခြင်းကို ဒီဇင်ဘာ ဒုတိယပတ်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

ပုဇွန်တောင်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဘက်စုံစာမေးပွဲ စတုတ္ထတန်းအခြေခံသိပ္ပံဘာသာ ပထမဆုရ မောင်ကောင်းဆက်သာအား အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျိုက်ထိုမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၊ ရပ်ကွက်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၊ အလွတ်တန်းပိုက်ကျော်ခြင်း၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အားကစားကော်မတီဝင်များက ဆုရရှိသော အားကစားသမားများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးမြို့(ဘုရားကြီး) ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပဲခူးမြို့(ဘုရားကြီး) ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့(ဘုရားကြီး) မဟာဝိဇယရံသီ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က အမှာစကား ပြောကြားသည်။

ခန့်အပ်လွှာပေးအပ်

ယင်းနောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးမှူး ပျဉ်းမနား ဦးမြင့်လှိုင်က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင် ဂီတာ ဦးဖေဝင်းက ဥက္ကဋ္ဌ ဦးစိုးမြင့်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်နိုင်၊ အတွင်းရေးမှူး ဦးညွန့်ဝေနှင့် အဖွဲ့ဝင်များ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

လှိုင်မြို့နယ် အမက(၄) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုပေးပွဲနှင့် အကပဒေသာပွဲတွင် နှစ်(၆၀)ပြည့် ယူနီဆက် Level(3) ပန်းချီ နှစ်သိမ့်ဆု (ရန်ကုန်တိုင်းဒေသကြီး)ရရှိသူ မမေသူသူခိုင်အား ဆရာမကြီး ဒေါ်ခင်နှင်းလှိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ IPPF/ BMZ Project လုပ်ငန်းဆန်းစစ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အရှေ့၊ အရှေ့တောင်အာရှနှင့် သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံများဆိုင်ရာ နိုင်ငံတကာမိသားစု စီမံကိန်းအဖွဲ့ချုပ် (IPPF - ESEAOR)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးမြှင့် စီမံချက် (Building Capacities to meet sexual and reproductive health needs to Myanmar BMZ project)အတွက် IPPF မှ ပြည်ပကျွမ်းကျင်ပညာရှင် Dr. Jimenez Pilar Ramos နှင့် Ms. Ng Soong Lek တို့သည် ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၌ လာရောက်တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသောနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး လုပ်ငန်းကျွမ်းကျင်ပညာရှင် Dr. Jimenez Pilar Ramos က လာရောက်တွေ့ဆုံရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသောBMZ project အကြောင်းကို စီမံချက်အရာရှိ ဒေါက်တာစိုင်းနေလင်းအောင်က ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ပညာရှင်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အသင်းတွင်ဖွင့်လှစ်ထားသော မေတ္တာစမ်းရေဆေးခန်းကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် IPPF နှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ အသင်းပိုင် သားဖွားခန်းများကို အခြေပြု၍ မြို့နယ် ၁၃ မြို့နယ်တွင် သားဖွားခန်း အခြေပြုမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးမြှင့်စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို ဒီဇင်ဘာ ၂၇ ရက်က မအူပင်မြို့နယ် တေဇလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကိုယ့်ကိုယ်ကိုသာ အားကိုးပါ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယုံ)ဆရာတော်]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၉)**
- ၈း၃၅ ၁၉၇၄-၁၉၇၈ ခုနှစ် ရူပဗေဒ ကျောင်းသား/ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ
- ၈း၅၀ Activities in The City [KALBE International (Yangon Branch) မှကျင်းပပြုလုပ်သည့် ဆရာဝန်ကြီးများအား ဂါရဝပြု မိတ်ဆုံစားပွဲ]
- ၉း၀၅ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၉း၂၀ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအခမ်းအနား
- ၉း၄၀ Cartoon Show Time (Horton Hears A Whol)
- ၁၀း၀၅ Celebrity Style (ဇေယျ)
- ၁၀း၄၅ လုပ်သားကောလိပ် ဓာတုဗေဒမိသားစု အဌမအကြိမ်အာစရိယ ပူဇော်ပွဲ
- ၁၀း၅၅ International Show Biz
- ၁၁း၀၅ သင်ကြားရေးလမ်းညွှန် (YIUS Pre-University Level Studies)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (Myanmar Book Centre ၏ C.E.O ဒေါက်တာသန့်သော်ကောင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၂း၂၅ "သာသနာအကျိုးရှက်သယ်ပိုး ရာမြတ်သောအလှူတော် မင်္ဂလာ"
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ဒုတိယအကြိမ်နှစ်သစ်ကို အလှူလေးနဲ့ကြို) (Shoe Gallery)
- ၁၂း၅၅ သမထကျင့်စဉ်လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
- ၁း၀၀ "ကိုယ့်ကိုယ်ကိုသာ အားကိုးပါ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယုံ)ဆရာတော်]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
- ၂း၄၅ တေးဂီတအစီအစဉ်
- ၃း၀၀ Activities in The City [အထက(၂) ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲအခမ်းအနား]
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၂)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၉)**
- ၄း၄၅ ရန်ကုန်မြင်ကွင်းကျယ် (The Launching Ceremony of Orthopaedic Instrument and Implants of Pitkar Orthotool Pvt Ltd)
- ၅း၀၀ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၆း၃၅ ဟိုတယ်လမ်းညွှန် (THE GRAND FOURWINGS CONVENTION HOTEL)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၃)**
- ၇း၂၅ Celebrity Choice (ရတနာမိုင်)
- ၇း၅၀ စင်ထရယ် အထက(၁) လသာ ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၀)**
- ၁၀း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
- ၁၀း၄၅ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၁၁း၁၀ World of Knowledge (CYBERLAND)
- ၁၂း၀၀ ရသစုံစွာတေးအလင်္ကာ
- ၁၂း၂၀ Mega Star Talk (ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၂း၄၅ မြန်မာစာ၊ မြန်မာစကား
- ၁း၀၀ Box Office Movies(300)
- ၁း၂၀ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
- ၁း၃၀ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့မြေပဲအထွက်တိုးအောင်စိုက်ကြစို့"
- ၁း၄၀ Celebrity Profile (Jet Li)
- ၂း၁၀ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှုအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်း)
- ၂း၃၅ မြန်မာမှုလက်ရာပန်းတည်းပညာ
- ၃း၀၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၄း၀၅ မြန်မာ့ဂုဏ်ကို ဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
- ၄း၁၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၄း၄၅ သာယာချိုအေး(၃၈)ဖြာမင်္ဂလာ တေး(တစ်ခုပညာကိုယ်စီပါ)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်း၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့ ကျောက်တော်မြို့နယ်ရှိ ရထားလမ်း လမ်းမြေသားတာပေါင်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီး ဦးအောင်မင်း မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း မြောက်ဦး-ကျောက်တော် ရထားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မြောက်ဦးမြို့ရှိ မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရထားလမ်းဖြတ်မည့်နေရာ၌ မြေသားတာပေါင်ပြုလုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးဘူတာတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြောက်ဦးမြို့ ရပ်စခန်းဘူတာ တည်ဆောက်မည့် နေရာ၊ ရန်ကုန်-စစ်တွေကားလမ်းအား ရထားလမ်း ဖြတ်သန်းမည့်နေရာနှင့် ဓမ္မရာဇ်ဘူတာ တည်ဆောက်မည့် နေရာ၊ ရန်ကုန်-စစ်တွေကားလမ်းအား ဖြတ်သန်း၍ ရထားလမ်း ဖြတ်သန်းမည့်နေရာနှင့် မဟာမုနိဘူတာ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောက်တော်မြို့နယ်ရှိ ရထားလမ်း လမ်းမြေသားတာပေါင်များ ဆောင်ရွက်နေမှုနှင့် လမ်းမတော်ဘူတာ တည်ဆောက်မည့်မြေနေရာကို လည်းကောင်း၊ ပီကောက် ကားကူးတံတား ပြုပြင်တည်ဆောက်နေမှုကို လည်းကောင်း၊ အပေါက်ဝရွာအနီး သံလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် အပေါက်ဝဘူတာ တည်ဆောက်မည့်နေရာကို လည်းကောင်း၊ ယိုးချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် နာရီကန်ချောင်းတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်နှင့် ပါဒလိတ်ဘူတာတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့်ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့်ရပ်ကွက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဧည့်သည်တော်များသည် ကျောင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်ထံ ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲ အခမ်းအနားကို သိရီရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဆရာကြီး ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ စာရေးဆရာမ ဒေါ်ကြူကြူသင်း (ကြူကြူသင်း)၊ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)နှင့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော လူမင်း၊ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့က စာပေဆိုင်ရာ ဗဟုသုတများကို ဟောပြောကြသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ရပ်ကွက်အသီးသီးရှိ နာတာရှည်ဝေဒနာရှင်များအား ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် မြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ဆေးရုံဝင်းအတွင်းရှိ မွန်မြတ်မေတ္တာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးမြင့်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ယဉ်သန္တာလွင်၊ တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ မျိုးသန့်၊ တိုင်းဒေသကြီးတီဘီရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ မိမိခိုင်၊ တိုင်းဒေသကြီး အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ သန်းဝင်းတို့က ဆွေးနွေးဟောပြောကြသည်။

ဆွေးနွေးပွဲအပြီးတွင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြို့မြို့ အနယ်နယ်တွင် သာယာစည်ပင်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နတ်မော်ကျေးရွာတွင် နတ်မော်-ရဲကွင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သစ္စာလမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် ဓမ္မပါရဂူလမ်း အရှည်ပေ ၅၀၀ အား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် ရပ်မိရပ်ဖ ဦးကျော်ရင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အောင်မြေ(၁)ကျေးရွာ(ကျေးလက်) အဝီစိတွင်းတူးဖော်ပြီး ရေစက်ရုံနှင့် ရေကန်တည်ဆောက်ခြင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာအားကစားသတင်းများ

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသည့် ကမ္ဘာကျော်တင်းနစ်မယ်များနှင့် ဂရင်းဆလင်းပြိုင်ပွဲ

ဝင်းတင် (ကြေးမုံ)

မဲလ်ဘုန်း ဇန်နဝါရီ ၁၀

တင်းနစ်ပြိုင်ပွဲများတွင် အမြင့်ဆုံးပြိုင်ပွဲလေးပွဲရှိသည်။ ယင်းပွဲများကို ဂရင်းဆလင်းပြိုင်ပွဲ (Grand Slam Tournament)ဟု ခေါ်သည်။ နှစ်တစ်နှစ်အတွင်း အဆိုပါ ဂရင်းဆလင်းပြိုင်ပွဲလေးပွဲကို ကျင်းပရာ ပထမဦးဆုံး ယှဉ်ပြိုင်ရသည့်ပွဲမှာ ဩစတြေးလျအိုးပင်း၊ ဒုတိယ ပြင်သစ်အိုးပင်း (Roland Garros)၊ တတိယ ဝင်ဘယ်ဒန် အိုးပင်းနှင့် စတုတ္ထ ယူအက်စ်အိုးပင်းတို့ပင်ဖြစ်သည်။ ယခုနှစ်အတွက် အစောဆုံးကျင်းပမည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် စတင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများလည်း လေ့ကျင့်ပြင်ဆင်လျက်ရှိနေကြပြီဖြစ်သည်။ ၎င်းတို့ထဲမှ ကမ္ဘာကျော်တင်းနစ်မယ်အချို့နှင့် ဂရင်းဆလင်းပြိုင်ပွဲကို လေ့လာတင်ပြလိုက်ပါသည်။

ဒိန်းမတ် တင်းနစ်မယ် ကာရိုလိုင်းဝေါ့ဇ်နက်ကီ။

ရုရှားတင်းနစ်မယ် ဗီရာဇွောနာရီဗာ။

ကာရိုလိုင်းဝေါ့ဇ်နက်ကီ

ကမ္ဘာ့အဆင့်(၁) သတ်မှတ်ခံထားရသည့် ကာရိုလိုင်းဝေါ့ဇ်နက်ကီမှာ ဒိန်းမတ်နိုင်ငံ အိုဒင်ဆီတွင် ၁၉၉၀ ခုနှစ်က မွေးဖွားခဲ့သူဖြစ်သည်။ ယခုသူမ၏ အသက်မှာ (၂၀)နှစ်သာ ရှိသေးသည်။ သူမသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ၂၀၀၈ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး အမြင့်ဆုံးအောင်မြင်မှုမှာ စတုတ္ထအဆင့်သာ ဖြစ်ခဲ့သည်။ ဝင်ဘယ်ဒန်ပြိုင်ပွဲတွင်လည်း စတုတ္ထအဆင့်သာ ရောက်ရှိခဲ့ဖူးပြီး ပြင်သစ်အိုးပင်းတွင် ကွာတားဖိုင်နယ်နှင့် ၂၀၀၉ ခုနှစ် ယူအက်စ်အိုးပင်းတွင် ဒုတိယရခဲ့ကာ ယမန်နှစ်က ဆီမီးဖိုင်နယ်အဆင့်မှ လှည့်ပြန်ခဲ့ရသည်။ ထိုသို့ ဂရင်းဆလင်းပြိုင်ပွဲများတွင် ချန်ပီယံ မဖြစ်ဖူးသည့် ကာရိုလိုင်းဝေါ့ဇ်နက်ကီသည် မကြာမီ ကျင်းပတော့မည့် ဩစတြေးလျအိုးပင်းတွင် ဖိုလ်စွဲရန် ရေပန်းစားနေသူများထဲ၌ တစ်ဦးအပါအဝင် ဖြစ်လာခဲ့သည်။

ဗီရာဇွောနာရီဗာ

ဗီရာဇွောနာရီဗာကို ရုရှားနိုင်ငံ မော်စကိုမြို့တွင် ၁၉၈၄ခုနှစ်က မွေးဖွားခဲ့သည်။ ယခုအသက် (၂၇)နှစ် ရှိပြီဖြစ်သည့် သူမသည် ဩစတြေးလျအိုးပင်းကို ရှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာ ယမန်နှစ်က စတုတ္ထအဆင့်သာ ရောက်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်က ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ပြင်သစ်အိုးပင်းတွင် ကွာတားဖိုင်နယ်၊ ယမန်နှစ်က ဝင်ဘယ်ဒန်အိုးပင်းတွင် ဒုတိယဆုနှင့် ယူအက်စ်အိုးပင်းတွင် ဒုတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ သူမ၏အောင်မြင်မှုမှာ ကြီးကြီးမားမား မရှိသော်လည်း ချန်ပီယံဘွဲ့အတွက် မေ့ထား၍မရနိုင်သည့် တင်းနစ်မယ်တစ်ဦး ဖြစ်သည်။

ဘယ်လ်ဂျီယံ တင်းနစ်မယ် ကင်ကလစ္စတား။

ကင်ကလစ္စတား

အသက်(၂၈)နှစ်ရှိပြီဖြစ်သည့် ကင်ကလစ္စတားကို ဘယ်လ်ဂျီယံနိုင်ငံ ဘေလ်ဇင်မြို့တွင် မွေးဖွားခဲ့သည်။ သူမသည် ဩစတြေးလျအိုးပင်းကို ရှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာ အမြင့်ဆုံး အောင်မြင်မှုက ၂၀၀၄ ခုနှစ်တွင် ဒုတိယ ရခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အိုးပင်းတွင် ဒုတိယနှစ်ကြိမ်နှင့် ဝင်ဘယ်ဒန်အိုးပင်းတွင် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ဖူးကာ ယူအက်စ်အိုးပင်းတွင် ၂၀၀၅၊ ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်တို့တွင် ချန်ပီယံ ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ဂရင်းဆလင်းပြိုင်ပွဲ အတွေ့အကြုံရှိရှိတင်မက ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်သည့် သူမ၏ လက်ရည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

မာရီယာရှာရာပိုဗာ

တစ်ချိန်က ကမ္ဘာ့အဆင့်(၁)နေရာကို အချိန်အတော်ကြာကြာ ရပ်တည်နိုင်ခဲ့သည့် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ခုနစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၈ ခုနှစ်တွင် ချန်ပီယံဖြစ်ခဲ့ပြီး ယမန်နှစ်က ပထမအဆင့်ဖြင့်သာ ကျနပ်ခဲ့ရသည်။ ပြင်သစ်အိုးပင်းတွင် ဆီမီးဖိုင်နယ်အဆင့်သာ ရောက်ရှိခဲ့ဖူးသော်လည်း ဝင်ဘယ်ဒန်အိုးပင်းနှင့် ယူအက်စ်အိုးပင်းတို့တွင် ချန်ပီယံဆု တစ်ကြိမ်စီ ရရှိခဲ့ဖူးသည်။ ဒဏ်ရာပြဿနာကြောင့် တင်းနစ်လောကနှင့် မကြာခဏဝေးကွာခဲ့ရသည့် ရှာရာပိုဗာသည် ယခုနှစ်ဩစတြေးလျအိုးပင်းတွင် ရှန်းကန်ရဖွယ်ရှိနေသည်။

အင်တာနက်။

ဩစတြေးလျအိုးပင်းတွင် ရှန်းကန်ရဖွယ်ရှိသည့် မာရီယာရှာရာပိုဗာ။

စိုးတင့်နိုင်

လီဗာပူးမှ ထွက်ခွာမည်မဟုတ်ဟု တောရက်စ်အာမခံ

လီဗာပူး ဇန်နဝါရီ ၁၀

လီဗာပူးအသင်း၏ စပိန်တိုက်စစ်မှူးတောရက်စ်သည်အသင်းမှ ထွက်ခွာမည်ဟူသော ကောလာဟလများကို ငြင်းဆိုလိုက်ပြီး ပရိသတ်များကို အသင်းအား ဆက်လက်အားပေးကြရန် တိုက်တွန်းလိုက်သည်။

လီဗာပူးအသင်းသည် ယခုရာသီတွင် ရလဒ်များဆိုးရွားနေသဖြင့် တောရက်စ်သည် အသင်းမှထွက်ခွာရန် ကမ်းလှမ်းမှုများ ရှိနေသည်။ ယခုအခါ လီဗာပူးသည် အသင်း၏ ရလဒ်ဆိုးများကြောင့် နည်းပြ ဟော့ဒ်ဆန်ကို ထုတ်ပယ်လိုက်ပြီဖြစ်ပြီး ပရိသတ်အကြိုက်ကင်နီဒါးဂလစ်ရှ်နှင့် အစားထိုး ခန့်လိုက်ပြီဖြစ်သည်။

တောရက်စ်က အသင်း၏ ကစားပုံဆိုးရွားနေမှုကို ဝန်ခံခဲ့ပြီး လီဗာပူးအသင်းကို အားပေးသူပရိသတ်များအနေဖြင့် အသင်းအခြေအနေ ပြန်လည်တည့်မတ်လာစေရေးအတွက် အထောက်အပံ့ပေးကြရန် တိုက်တွန်းခဲ့သည်။

"ကျွန်တော့်ခေါင်းထဲမှာ လီဗာပူးပဲရှိပါတယ်။ ပြီးတော့ ဒီရာသီမှာ ပြန်လည်အခြေအနေကောင်းလာဖို့လည်း ကူညီပေးနေပါတယ်။ ကျွန်တော်က ပရိုဖက်ရှင်နယ် ကစားသမားတစ်ဦးဖြစ်တဲ့အတွက် စာချုပ်သက်တမ်းပြည့်အောင် ကစားမှာပါ" ဟု ၂၀၁၃ အထိ လီဗာပူးနှင့် စာချုပ်ချုပ်ဆိုထားသူ တောရက်စ်က ဆိုသည်။

ဟနန်ဒိုတောရက်စ်

လီဗာပူးမှ ထွက်ခွာမည်မဟုတ်ဟု ပြောလာသည့် ဖာနန်ဒိုတောရက်စ်။

ရာသီကုန်တွင် အနားယူတော့မည်ဟု ဗီအဲရာ ပြောကြား

မန်ချက်စတာ ဇန်နဝါရီ ၁၀

မန်ချက်စတာစီးတီးအသင်း၏ ကွင်းလယ်ကစားသမား ပက်ထရစ်ဗီအဲရာက ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ဘောလုံးကစားခြင်းမှ အနားယူဖွယ်ရာရှိသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ အသက် (၃၄)နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမားသည် သူ၏ အကောင်းဆုံးသော အချိန်အများစုကို အာဆင်နယ်အသင်းနှင့် ကျော်ဖြတ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် လန်ဒန်ကလပ်အသင်းမှထွက်ခွာခဲ့ကာ စီးရီးအေရှိ ဂျူဗင်တပ်နှင့် အင်တာမီလန်အသင်းတို့တွင် ပြောင်းရွှေ့ကစားခဲ့သည်။ ယခုအခါ ပရီမီယာလိဂ်သို့ ပြန်လည်ခြေချကာ ယခင်ဆရာဟောင်းဖြစ်သူ ရောဘတ်တိုမန်စီနီနှင့် မန်ချက်စတာစီးတီးအသင်းတွင် ပြန်ပေါင်းထုပ်နေခြင်းဖြစ်သည်။ အသက်အရွယ်ရလာပြီဖြစ်သော ဗီအဲရာသည် ယခုနှစ်တွင် ပရီမီယာလိဂ်ပွဲနှစ်ပွဲသာ ကစားခဲ့ရပြီး ၎င်း၏ ကစားသမားဘဝ ရှေ့ဆက်ရမည့်ခရီးကို စဉ်းစားနေပြီဟု ဆိုသည်။

"မန်ချက်စတာစီးတီးက ကျွန်တော့်ရဲ့ နောက်ဆုံးစိန်ခေါ်မှုဖြစ်ပါလိမ့်မယ်" ဟု ဆိုခဲ့သည်။ "ကစားသမားဘဝ အဆုံးသတ်လုနီးပြီ ဆိုတဲ့အချက်ကို ကျွန်တော်လက်ခံပါတယ်၊ ဝမ်းမြောက်ပျော်ရွှင်ဖွယ်ရာ အမှတ်ရစရာ တွေနဲ့ အတိတ်ကာလတစ်ခုလည်း ရှိခဲ့ဖူးပြီလေ"ဟု ပြောကြားသွားခဲ့သည်။ ဗီအဲရာသည် သူ၏ ကစားသမားဘဝ တစ်လျှောက်တွင် ၁၉၉၈ ကမ္ဘာ့ဖလား ချန်ပီယံဆုတံဆိပ် အပါအဝင် ချန်ပီယံဆုတံဆိပ်များစွာကို ရရှိခဲ့ဖူးသည်။

အင်တာနက်။

ဗီအဲရာ

ရာသီအကုန်တွင် အနားယူတော့မည့် ဗီအဲရာ။



မြန်မာနိုင်ငံအောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ကသာမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၆၃ လက်မ၊ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်တွင် သုည ဒသမ ၅၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ရမည်းသင်းမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ သံတွဲမြို့တွင် သုည ဒသမ ၈၃ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၁၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးရွာပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြေလတ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

(၄၁)ကြိမ်မြောက် မြေလတ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ရက်နှင့် ၁၆ ရက်တို့တွင် မြင်းခြံဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲတွင် အချက်ကျော (၀-၁၂) တစ်ဦးနှင့် (၁၃-၁၈) သုံးဦး စုစုပေါင်း လေးဦး ယှဉ်ပြိုင်ရမည်ဖြစ်သည့် အပြင် ရွှေအဆင့် (၀-၁၂)၊ ငွေအဆင့် (၁၃-၁၈)၊ ကြေးအဆင့် (၁၉-၂၄)နှင့် သက်ကြီးတန်းပြိုင်ပွဲများ ပါဝင်သည်။ ဆုတံဆိပ်၊ ဆုပစ္စည်းများနှင့် ဘော(လ်)ပူးဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်။

ဆက်သွယ်နိုင်

ပြိုင်ပွဲအတွက် ဆုပစ္စည်းများကို Air Bagan Co, Han Golf Master Pte Ltd, KM Co., တို့မှ ကူညီပံ့ပိုးပြီး လာရောက်ယှဉ်ပြိုင်သော ကစားသမားများအား ဒဂုန်ဗျူရီကုမ္ပဏီလီမိတက်မှ လက်ဆောင်ပစ္စည်းပေးမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော အသင်းများနှင့် အားကစားသမားများသည် ဇန်နဝါရီ ၁၃ ရက် နောက်ဆုံးထား၍ မြင်းခြံဂေါက်ကလပ် ဖုန်း-၀၆၆-၂၁၃၄၈ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

KIA သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ၍ ဒေသခံပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ အမှတ်(၂) ရပ်ကွက်နေ ဦးကွမ်ဖန်သည် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီခန့်တွင် တောင်ယာမှအပြန် မြို့၏အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ တောလမ်းတစ်နေရာ၌ KIA သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး သေဆုံးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆာဖာရီဥယျာဉ်၏ အဝင်ပလာဇာမြင်ကွင်း။

သတင်းဆောင်းပါး
ဖြိုးစန္ဒာမြင့်(ကြေးမုံ)

ဓာတ်ပုံ
ဇင်ဘိုမင်း(ကြေးမုံ)

တောတွင်းတိရစ္ဆာန်များ၏ ဓလေ့စရိုက်များကို သဘာဝအတိုင်းလေ့လာနိုင်မည့် ဆာဖာရီဥယျာဉ်(နေပြည်တော်)

သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ပျက်စီးယိုယွင်းမျိုးသုဉ်းခြင်းဘေးအန္တရာယ်မှ ကာကွယ်နိုင်စေရန် နိုင်ငံတော်က တိရစ္ဆာန်ဥယျာဉ်များဖွင့်လှစ်၍ ကာကွယ်ထိန်းသိမ်းမှုများ ပြုလုပ်ပေးလျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မကြာမီဖွင့်လှစ်မည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ဆာဖာရီ ဥယျာဉ်(နေပြည်တော်)ကို နိုင်ငံတကာအဆင့်မီ ဥယျာဉ်တစ်ခု ဖြစ်လာစေရေးအတွက် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကြားသိခဲ့ရပြီးနောက် ကြေးမုံသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

အများပြည်သူတို့ အပန်းဖြေအနားယူနိုင်ရန်နှင့် မြန်မာနိုင်ငံမှသာမက ကမ္ဘာ့နိုင်ငံအချို့ရှိ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက် နေထိုင် သွားလာကျက်စားပုံများကို တွေ့မြင်ဗဟုသုတရစေရန်၊ ကမ္ဘာနှင့် မြန်မာနိုင်ငံရှိ ရှားပါး၍ မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် တိရစ္ဆာန်အချို့ကို မျိုးဆက်ပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းမွေးမြူသွားရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောတရားများကို ပြည်သူများအကြား သိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ဤဆာဖာရီဥယျာဉ်(ခ)

စာမျက်နှာ ၈ ကော်လံ ၁ သို့☆

မိုးဆက်လက်ရွာသွန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများသည် ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ ဖြတ်ကျော်ရွေ့လျားလျက်ရှိနေသဖြင့် ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ရွာသွန်းနိုင်ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ကာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)